
ပ+ဒု
နှစ်အုပ်တွဲ



| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၉၉၂ / ၉၉ ( ၁၁ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၆၂ / ၉၉ ( ၁၂ ) |
| ထုတ်ဝေကာလ | ၂၀၀၀ ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၃၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးကံညွန့် |
| | ရွှေမိစာပေ |
| | ၆၈၀၊ ဝရဇာ ၄-လမ်း၊ |
| | ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကု |
| ပုံနှိပ်သူ | ဦးသန်းဝင်း |
| | ကျော်ပုံနှိပ်တိုက် |
| | အမှတ်(၂၃၉)၊ ခေမာသီလမ်း၊ |
| | မြောက်ဥက္ကလာပ။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၉၆/ခ၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


# နန္ဒကျော်သူ

## သွေး၏သတ္တိ

( ပထမပိုင်း )

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာဝန်

---

ချန်အန်းမြို့။
မေတ္တာဂေဟာ။
ဂါးလပိုင်း လဆန်းငါးရက်နေ့တွင် ချန်အန်းမြို့ မေတ္တာဂေဟာသို့ လုယိ ရောက်ရှိလာလေသည်။

* * *

လုယိ။
လုယိသည် အသက်နှစ်ဆယ်ကျော်မျှသာ ရှိသေးသော လူငယ်တစ်ယောက် ဖြစ်သည်။

ရုပ်ရည်ချောမောပြီး စာပေသမား တစ်ယောက်အသွင် ရှိသည်။

သို့သော်....

လုယိမှာ စာပေသမားတစ်ယောက်မဟုတ်ဘဲ ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်နေပါသည်။

လုယိက မေတ္တာဂေဟာသို့ ရောက်ရှိလာခြင်းသည် လူသတ်ရန် မဟုတ်ပါ။

မည်သူ့အား လုပ်ကြံရမည်ဆိုသည်ကို လာရောက်စုံစမ်းမေးမြန်းခြင်းသာ ဖြစ်လေသည်။

မေတ္တာဂေဟာ ပိုင်ရှင်သည် ကြေးစားလူသတ်သမားတို့အား နောက်ကွယ်မှ ကြိုးကိုင်ခိုင်းစေနေသူတစ်ယောက် ဖြစ်သည်ကိုမည်သူမျှ မသိနိုင်ပါတကား။

*  *  *



ကို့ထုံချန်း။

ကို့ထုံချန်းသည် မေတ္တာဂေဟာပိုင်ရှင် ဖြစ်သည်။

သိုင်းလောကတွင် အဖြူရောင်သိုင်းသမားကြီးအဖြစ် ထင်ရှားနေသူလည်း ဖြစ်သည်။

သို့သော်....

အများနောက်ကွယ်တွင် ကို့ထုံချန်းသည် ကြေးစားလူသတ်ခြင်းအလုပ်ကို လုပ်ကိုင်လျက်ရှိသည်။

ကြေးစားလူသတ်သမားများကို လက်သပ်မွေးကာ ခိုင်းစားနေသူလည်းဖြစ်သည်။

ယခု....

ကို့ထုံချန်းက အရေးကြီးသော အလုပ်တစ်ခုကို လက်ခံလိုက်သည်။

ထို့ကြောင့်....

သူ၏ ဘယ်လက်ရုံးလုယိကို ဆင့်ခေါ်လိုက်ခြင်း ဖြစ်ပေသည်။

*  *  *

'ကဲ....အရက်သောက်လိုက်ဦး'

ကို့ထုံချန်းက အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။

'ကျေးဇူးပါပဲ ဆရာကို့'

လုယိက ကျေးဇူးတင်ကြောင်းပြောကာ အရက်ခွက်ကို ယူပြီး သောက်လိုက်လေသည်။

ပြီးလျှင်....

'ဆရာကို့ အရေးကြီးတယ်ဆိုတာက....'

ကို့ထုံချန်းက....

'တို့ အလုပ်ကြီးတစ်ခု လုပ်စရာရှိနေတယ်'

'ဟုတ်ကဲ့'

'မင်းက မြောက်ပိုင်းကို သွားရလိမ့်မယ်'

လုယိပြုံးလိုက်သည်။

'မြောက်ပိုင်းကို ဟုတ်လား၊ ခုချိန်ဆို နှင်းတွေကျနေပြီ၊ ချယ်ရီတွေလဲ ပွင့်နေပြီ၊ အတော်ကို ပျော်စရာကောင်းမယ့် ခရီးဖြစ်မှာပဲ'



ကို့ထုံချန်းက....

'အေး ပျော်စရာကောင်းပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်ကွာ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ ဆရာကို့'

'ငါ့စိတ်ထဲမှာတော့ ပျော်စရာကောင်းလိမ့်မယ်လို့ မထင်ဘူး'

'ဪ....'

ကို့ထုံချန်းက....

'မြောက်ပိုင်းမှာ သိုင်းဂိုဏ်းကြီးနှစ်ခု ထင်ရှားတယ်၊ အချင်းချင်းအပြိုင်အဆိုင်ဖြစ်နေကြတယ်၊ ခုလဲ သိုင်းဂိုဏ်းကြီးတစ်ခုက ကျန်တဲ့ ပြိုင်ဘက်ခေါင်းဆောင်ကို လုပ်ကြံဖို့ ငါ့ကို ဆက်သွယ်လာတာပဲ'

လုယိက....

'ဒါမှဆန်းပါဘူး ဆရာကို့ရယ်၊ လူဆိုတာ ပြိုင်ဘက်ပေါ်လာရင်ရှင်းပစ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားတတ်ကြတာချည်းပဲ မဟုတ်လား'

ကို့ကုံချန်းက....

'လောကရဲ့မေ့တာက အရေးမကြီးဘူး၊ အရေးကြီးတာက ဒီအလုပ်ကို ဖြစ်မြောက်အောင် လုပ်နိုင်ဖို့ပဲ'

လုယိ၏မျက်နှာတွင် မာန၏အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ဒီဆိုလိုရင် ဆရာကို့က ညာလက်ရုံး သုဝေကို ခိုင်းဖို့သင့်တာပေါ့'

ဟု ပြောလိုက်လေသည်။

ကို့ထုံချွန်း လက်သပ်မွေးထားသော ကြေးစား သိုင်းသမား အတော်များများရှိလေသည်။

အားလုံးတို့သည် ရက်စက်ကြမ်းကြုတ်သူများ၊ လူ့အသက်ကို ဖက်ရွက်မျှ သဘောထားသူများ၊ ငွေကို အဓိကထားသူများ ဖြစ်ကြသည်။

ထိုကြေးစားများသည် အသိဉာဏ်ကင်းမဲ့သော မိုက်မဲ့သူများ၊ လူ့အန္ဓများဖြစ်သည်ဟု ကို့ထုံချွန်း နားလည်ထားသည်။

လူသားစင်စစ် ဖြစ်သော်လည်း တိရစ္ဆာန်နှင့် မခြားသူများဟု သတ်မှတ်ထား၏။



သူ၏လုပ်ငန်းအတွက် အသုံးချနေရသော်လည်း ထိုလူများအပေါ် လုံးဝယုံကြည်မှုမရှိ။ အထင်လည်းမကြီးချေ။

သို့သော် ...

ကြေးစားအများအပြားရှိနေကြသည့်အနက် ဘယ်လက်ရုံး လုယိနှင့် ညာလက်ရုံး သုဝေတို့ကိုမူ ကို့ထုံချွန်းက ခြွင်းချက်အဖြစ်ထားရှိလေသည်။

သုဝေနှင့် လုယိတို့သည် အလွန်ပါးနပ်သူများ ဖြစ်သည် မဟုတ်ပါလား။

ယခု....

လုယိက မကျေနပ်သော စကားကို ဆိုလိုက်သဖြင့် ကို့ထုံချွန်း ပြုံးလိုက်လေသည်။

လုယိနှင့်သုဝေသည် အတော်ဆုံး ကြေးစားများ ဖြစ်ကြသည်။

လုယိထက်စာလျှင် သုဝေက ပိုတော်သည်ကို ကို့ထုံချွန်း လက်ခံထားသည်။

ထိုအချက်ကို လုယိကလည်း ရိပ်မိထားသည်။

လုယိက ကျေနပ်ခြင်းမရှိဘဲ သုဝေထက်ပို၍သာကြောင်း၊ တော်ကြောင်း အစွမ်းပြရန် အမြဲတမ်းကြိုးစားလေ့ရှိသည်။

အရေးကြီးသည့် ကိစ္စကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကို့ထုံချန်းက သူ့အပေါ်စိတ်ချခြင်း မရှိလေသောအခါ ခွန်းတုံ့ပြန်လာခြင်း ဖြစ်ပေတော့သည်။

ကို့လုံချန်း လက်သပ်မွေးထားသော ကြေးစားများတွင် ကို့ထုံချန်းအား ကြောက်ရွံ့ခြင်းမရှိသူမှာလည်း လုယိနှင့် သုဝေတို့သာလျှင် ရှိကြပေတော့သည်။

ကို့ထုံချန်းက သက်ပြင်းချလိုက်သည်။

လုယိအား မည်သို့ ဆက်ဆံရမည်ကို သူ ကောင်းစွာ သဘောပေါက်ထားလေသည်။

ထို့ကြောင့် တည်ကြည်သော မျက်နှာထားနှင့် ပြောလိုက်လေသည်။

'ခါတိုင်းလိုဆိုရင်တော့ သုဝေကိုခိုင်းမိမှာပဲ၊ ခုတော့ သူ့ကို ခိုင်းလို့မဖြစ်နိုင်လို့ မင်းကိုခိုင်းရတာ'

လုယိက....

'ကျုပ်က သုဝေလောက် အစွမ်းအစ မရှိလို့ဆိုပါတော့၊ သူ့ကိုခိုင်းလို့ရရင် ကျုပ်ကို ခိုင်းမှာမဟုတ်ဘူးပေါ့'



ကို့ထုံချန်းက....

'ဟုတ်တယ်'

လုယိက....

'ဒါဆိုလဲ ကျုပ်ကို ခိုင်းမယ့်အစား သုဝေကိုခိုင်းတာက ပိုမကောင်းဘူးလား'

ကို့ထုံချန်းက....

'သူ့ကိုခိုင်းလို့မရနိုင်လို့ မင်းကိုခိုင်းရတာလို့ ကျုပ်ပြောပြီးပြီလေ'

လုယိက....

'နေပါဦး၊ သုဝေကို ဘာကြောင့်ခိုင်းလို့မရတာလဲ'

ကို့ထုံချန်းက....

'သူက ရူးနေတယ်'

'ဗျာ....'

မမျှော်လင့်သော စကား ကြားလိုက်ရသဖြင့် လုယိမျက်လုံး ပြူးသွားလေသည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

ကို့ထုံချန်းကို မယုံကြည်နိုင်စွာ ကြည့်ရင်း....

'ဆရာကို့ ဘယ်လိုပြောလိုက်တာလဲ၊ သုဝေက ရှုံးနေတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဟာ....မဖြစ်နိုင်တာ'

ကို့ထုံချန်းက....

'ကျုပ်က မဖြစ်နိုင်တာကို ဘယ်တုန်းက ပြောဖူးလို့လဲ၊ အထူးသဖြင့် သုဝေနဲ့ပတ်သက်လို့ပေါ့'

လုယိ ခေါင်းခါယမ်းလိုက်သည်။

သို့သော်....

ဘာမှမပြောတော့ဘဲ ထိုင်ခုံတွင် ပြန်လည် ထိုင်ချလိုက်လေသည်။

ထို့နောက်....

အရက်တစ်ခွက်ငှဲ့ကာ တစ်ရှိန်ထိုး မော့သောက်လိုက်လေသည်။



ကို့ထုံချန်းက....

'သုဝေဟာ ခါတိုင်းလိုမဟုတ်ဘဲ ရှုံးသလို ဖြစ်နေတယ်၊ သူဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ကျုပ်လဲ နားမလည်နိုင်ဘူး၊ ဒါကြောင့် အရေးပေါ်လာတဲ့အခါ သူ့ကို အားကိုးလို့မရတာနဲ့ မင်းကို ခေါ်လိုက်ရတာ'

လုယိက....

'သုဝေကို အသုံးပြုလို့မရမှ ကျုပ်ကိုခေါ်တာတော့ တွေးကြည့်ရင် ခံပြင်းဖို့ ကောင်းပါတယ်ဗျာ'

ကို့ထုံချန်းက....

'ဒါဖြင့် မင်းက မလုပ်ဘူးပေါ့'

လုယိက....

'ကျုပ် မလုပ်ဘူး ပြောလို့လား'

ကို့ထုံချန်း ပြုံးလိုက်လေသည်။

လုယိက....

'ဒီကိစ္စကို သုဝေပဲလုပ်နိုင်တယ်လို့ ဆရာကို့ယုံကြည်ထားတယ်မဟုတ်လား၊ ဒီအလုပ်မျိုးကို ကျုပ်ကလဲလုပ်နိုင်တယ်ဆိုတာ လက်တွေ့ပြရမှာပေါ့ဗျာ'

ကို့ထုံချွန်းက ရယ်မောလိုက်လေသည်။

'ကောင်းသားပဲ၊ ကျုပ်ကလဲ မင်းရဲ့ အရည်အချင်းကို စမ်းသပ်ကြည့်ရတာပေါ့၊ တကယ်လို့သာ မင်းက အောင်မြင်အောင် ဆောင်ရွက်နိုင်ရင်....'

သူ၏ စကားမဆုံးမီ လုယိက ကြားဖြတ်ပြောလိုက်သည်။

'ကျုပ် ဘာလုပ်ရမလဲ၊ မြောက်ပိုင်းကို ဘယ်တော့သွားရမလဲ၊ ကျုပ်အတွက် ဘယ်လောက်ရမလဲ ဆိုတာသာ ပြောပါဗျာ'

ကို့ထုံချွန်း သဘောကျသွားလေသည်။

*  *  *

ထူးဆန်းသောဝေဒနာ

မြို့စွန်တွင် အရက်ဆိုင်လေးတစ်ဆိုင် ရှိလေသည်။

နံနက်စောစော အချိန်ဖြစ်၍ အရက်ဆိုင်ထဲ၌ လူရှင်းနေသည်။

အရက်သောက်နေသူ ဟူ၍ တစ်ယောက်တည်းသာ ရှိသည်။

ထိုလူမှာ အနက်ရောင် ဝတ်ဆင်ထားသော လူငယ် တစ်ယောက် ဖြစ်လေသည်။

ထိုလူငယ်သည် ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက် ထိုင်နေသည်။

သူ၏ရှေ့မှ အရက်အိုးသည် အနည်းငယ်သာလျှင် လျော့သေး၏။

စားပွဲပေါ်တွင် အရက်အိုး၊ အရက်ခွက်နှင့်မြေပဲဆံကြော်တစ်ပွဲ ရှိသည်။

ထို့အပြင်....

ပိတ်ဖြူတစ်စရှိပြီး ထိုပိတ်ဖြူပေါ်တွင် ကဗျာတစ်ပုဒ်ရေးထား၏။

လောကကြီး၏ သာယာလှပပုံအကြောင်း ရေးစပ်ထားသော ကဗျာဖြစ်လေသည်။

အနက်ရောင်ဝတ်လူငယ်သည်အရက်မသောက်ဖြစ်ဘဲကဗျာရေးထားသော ပိတ်ဖြူကို မမှိတ်မသုန် ကြည့်နေခြင်းဖြစ်ပေတော့သည်။

ထိုစဉ်....

'သုဝေ....မင်းအရက်မသောက်ဘဲ ဘာငေးနေတာလဲ'

စကားသံ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်လူငယ်မှာ မေတ္တာဂေဟာရှင် ကို့ထုံချန်း၏ ညာလက်ရုံး သုဝေဖြစ်လေသည်။



သုဝေအား နှုတ်ဆက်လာသူမှာ အရက်ဆိုင်ပိုင်ရှင် လီဖုံးဖြစ်သည်။

လီဖုံးသည်လည်း မေတ္တာဂေဟာရှင် ကို့ထုံချန်း မကြာခဏ ခေါ်ယူအသုံးပြုခြင်း ခံရသည့် ကြေးစားတစ်ယောက်ဖြစ်သည်။

လီဖုံးနှင့်သုဝေတို့သည် အချို့သောကိစ္စများတွင် လက်တွဲဆောင်ရွက်ခဲ့ဖူးကြပြီး သိကျွမ်းနေကြလေသည်။

လီဖုံးသည် အရက်ဆိုင်ရှင် အဖြစ်လည်းကောင်း၊ ကြေးစား လူသတ်သမား အဖြစ်လည်းကောင်း အသွင်နှစ်မျိုးဖြင့် ရပ်တည်နေသူ ဖြစ်လေသည်။

လီဖုံး၏ အမေးစကားကြောင့် သုဝေ သတိဝင်လာသည်။

'ကျုပ်ကလဲ ကဗျာကို သဘောကျလို့'

ဟု ပြောလိုက်သည်။

လီဖုံးက....

'ကဗျာ'

'ဟုတ်တယ်'

'မင်းလို ကြေးစားတစ်ယောက်က ကဗျာတွေ စာတွေကို စိတ်ဝင်စားတာ အတော့်ကို အံ့ဩစရာကောင်းတာပဲ'

သုဝေကလည်း ပခုံးတစ်ချက် တွန့်လိုက်လေသည်။

လီဖုံးက....

'မှန်းစမ်း'

ပိတ်ဖြူပေါ်၌ ရေးထားသော ကဗျာကို ဖတ်ကြည့်လိုက်သည်။

'အင်း....အတော်ကောင်းတဲ့ ကဗျာပဲ'

ဟု ချီးကျူးလိုက်သည်။

တစ်ဖန်...

'ဒီကဗျာက ဘယ်သူစပ်တာလဲ၊ မင်းကကော ဘယ်ကရလာတာလဲ'

ဟု မေးလာလေသည်။

သုဝေက....

'ကျုပ်စပ်ထားတာ'



'ဘာ....'

လီဖုံး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သုဝေကို မယုံကြည်နိုင်စွာ ကြည့်ကာ....

'မင်းရေးစပ်ထားတာ ဟုတ်လား'

ဟု မေးလိုက်လေသည်။

သုဝေက....

'ဟုတ်တယ်'

'ဟား....ဟား....ဟား'

လီဖုံးက ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏ရယ်သံသည် အရက်ဆိုင်ခေါင်မိုးပွင့်ထွက်သွားမတတ် ကျယ်လောင်လွန်းလှပေတော့သည်။

သုဝေက....

'ခင်ဗျား ဘာရယ်တာလဲ'

သဘောမကျသော လေသံဖြင့် မေးလေသည်။

လီဖုံးက....

'သဘောကျလို့ပေါ့'

'ဘာဗျ'

'သုဝေ...မင်းက တခြားလူကိုသာ လိမ်လို့ရမယ်၊ ငါ့ကိုတော့ လိမ်လို့ရမယ်မထင်နဲ့'

သုဝေက....

'ဘာလဲ၊ ခင်ဗျားက ကျုပ်လိမ်ပြောနေတယ်လို့ ထင်နေတာလား'

လီဖုံးက....

'မင်းက မဟုတ်လို့လား'

'မဟုတ်ဘူး'

လီဖုံး မျက်မှောင်ကြုတ်သွားသည်။

သုဝေက....

'ကျုပ်ကိုယ်တိုင် ရေးထားတာဗျ'

ယခုတစ်ကြိမ် လီဖုံးက ရယ်မောခြင်းမပြုတော့ချေ။



သုဝေက အတည်ပြောနေခြင်း ဖြစ်ကြောင်း သဘောပေါက်လိုက်သည် မဟုတ်ပါလား။

'မင်းကိုယ်တိုင်ရေးထားတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ယုံကြည်ဖို့ခက်တယ်၊ သူများတွေကို သွားပြောလဲ ဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ဘူး'

ထိုစကားကိုမူ သုဝေက လက်ခံလေသည်။

မိတ်ဖြူပေါ်မှ ကဗျာအား သူက ရေးစပ်ထားသည်ဟု ပြောပါက မည်သူမျှယုံကြည်ကြမည် မဟုတ်ချေ။

မိုးပြိုတော့မည်ဟုပြောလျှင် ယုံကြည်မည့်သူ ရှိနိုင်သည်။

သူကိုယ်တိုင်ကလည်း မယုံနိုင်အောင် ဖြစ်နေမိသည် မဟုတ်ပါလား။

လီဖုံးက....

'သုဝေ....ဘယ်လို ဖြစ်တာလဲ၊ ငါ့ကို ပြောပြနိုင်မလား'

ဟု မေးလိုက်လေသည်။

သုဝေက အရက်ခွက်ကိုယူကာ မော့သောက်လိုက် လေသည်။

ပြီးလျှင်...

'ကျုပ်လဲ ဘယ်လိုပြောရမှန်း မသိဘူး'

လီဖုံးက....

'သူဝေ...မင်းတို့ ငါတို့ဟာ အနုပညာကို ခံစားတတ်တဲ့ လူတွေမဟုတ်ဘူး၊ သေမင်းနဲ့ အမြဲတမ်းရင်ဆိုင်နေရတဲ့သူတွေ၊ တို့ဘဝမှာ စိတ်ကူးယဉ်ဖို့ အချိန်မရှိဘူး၊ စာပေကဗျာဆိုလို့ သေစာရှင်စာလောက်ပဲ တတ်ကြတာ၊ ဒီလောက် ကောင်းမွန်တဲ့ ကဗျာတစ်ပုဒ်ကို စပ်ဆိုနိုင်ဖို့ဆိုတာ အတော်ကို မဖြစ်နိုင်တဲ့ကိစ္စပဲ'

သူဝေက....

'ကျုပ် နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ဒီကဗျာကို ကျုပ်ကိုယ်တိုင် စပ်ထားတာ အမှန်ပဲဗျ'

လီဖုံးက....

'ငါတော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး'

ဟု ညည်းတွားလိုက်လေသည်။

သူဝေက....



'လောကပေါ်မှာ နားမလည်နိုင်တဲ့ကိစ္စတွေ အများကြီး ရှိနေတယ်ဆိုတာ ခင်ဗျားကော ကျုပ်ကောနားလည်သဘော ပေါက်ထားကြတာပဲဗျာ၊ ပြီးတော့ နားမလည်နိုင်တဲ့ကိစ္စကို နားလည်အောင် ကြိုးစားနေလို့ အပိုပဲမဟုတ်လားဗျာ'

လီဖုံး သက်ပြင်းချလိုက်လေသည်။

သူဝေက စားပွဲပေါ်သို့ ကြေးပြားတစ်ပြား ပစ်တင်လိုက်သည်။

ထို့နောက် ထိုင်ရာမှ ထလိုက်သည်။

လီဖုံးက....

'မင်း သွားတော့မလိုလား'

သူဝေက....

'ဟုတ်တယ်'

လီဖုံးက....

'ဆရာကို့က အလုပ်ကြီးတစ်ခုလုပ်ဖို့ လက်ခံထားတယ်လို့ ငါကြားထားတယ်'

သူဝေက....

'လိုအပ်ရင် ကျုပ်တို့ကို ပြောမှာပေါ့ဗျာ'

လီဖုံးက....

'လုယိက ချိန်အနီးကို ရောက်လာတယ်'

သုဝေက....

'ကိစ္စရှိသို့ ဖြစ်မှာပေါ့'

လီဖုံးက....

'သုဝေ....မင်း....'

သူ၏ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

သုဝေက....

'နောက်မှ တွေ့ကြသေးတာပေါ့ဗျာ'

ဟုပြောကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

လီဖုံးက ငေးကြည့်နေခိုက်....



သုဝေ ဆိုင်အပြင်ဘက်သို့ ရောက်သွားတော့မှ လီဖုံးက ဦးခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး....

'ဒီကောင်လေး ရှုံးများ ရှုံးနေပြီလား မသိဘူး'

ဟု ညည်းတွားလိုက်လေတော့သည်။

* * *

## ပြိုင်ဘက်

နေမွန်းတည့်ပြီ ဖြစ်သည်။
နေခြစ်ခြစ်တောက် ပူလောင်နေလေသည်။
သုဝေသည် အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်၌ ထိုင်နေလေသည်။
သူ၏ အသွင်မှာ တက်ကြွလန်းဆန်းခြင်း အလျဉ်းမရှိတော့ဘဲ တွေဝေငေးငိုင်နေလေသည်။
သုဝေသည် သစ်ကိုင်းခြောက်လေးတစ်ခုကို ကောက်ယူလိုက်သည်။
ထို့နောက် မြေပေါ်တွင် စာများရေးခြစ်လိုက်လေသည်။



သူက ပိတ်ဖြူပေါ်၌ ရေးသားထားသော ကဗျာကို ပြန်လည် ရေးသားလိုက်ခြင်း ဖြစ်လေသည်။

သို့သော်....

လက်ရေးလက်သားမှာ အကွာကြီး ကွာခြားနေသည်။

ပိတ်စပေါ်မှလက်ရေးသည် ညီညာနေပြီး သန့်ရှင်းသပ်ရပ်လှ၏။

ယခု....

မြေပေါ်တွင် ရေးခြစ်လိုက်သော စာများသည် ကြောင်ခြစ်ထားသကဲ့သို့ ဖြစ်နေသည်။

သုဇေ ခေါင်းခါယမ်းလိုက်လေသည်။

'ဒါ... ငါ့ရဲ့ ပင်ကိုယ်လက်ရေးပဲ'

ဟု ရေရွတ်လိုက်သည်။

သူသည် ကြေးစားတစ်ယောက်၊ လက်ဝှေ့သမား တစ်ယောက် ဖြစ်သည်။

စာပေ၊ ကဗျာလက်ာတတ်ကျွမ်းသူ စိတ်ကူးယဉ်သမား တစ်ယောက် မဟုတ်ပါ။

နူးညံ့ပျော့ပျောင်းသူ၊ သိမ်မွေ့သူ မဟုတ်ပါ။

သို့ပါလျက် မယုံနိုင်စရာကောင်းသည့် အဖြစ်နှင့်ကြုံတွေ့နေရ၏။

သုဝေ မည်သို့နားလည်ရမှန်းမသိ ဖြစ်နေစဉ် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သုဝေက လှမ်းကြည့်လိုက်၏။

ထိုအခါ....

လုယိက သူ့ထံသို့ဦးတည်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သုဝေက ချက်ချင်း မျက်နှာလွှဲထားလိုက်လေသည်။

လုယိက သူ၏ရှေ့သို့ ရောက်လာ၏။

'သုဝေ....ရှာလိုက်ရတာကွာ၊ မင်းက ဒီမှာဘာလာလုပ်နေတာလဲ'

ဟု ပြုံးရွှင်သော မျက်နှာထားဖြင့် မေးလာသည်။

လေသံ ချိုသာသည်။ မျက်နှာထား ပြုံးရွှင်သည်။ သို့သော် ဝမ်းတွင်း၌ ကောက်ကျစ်သူဟု သုဝေ နားလည်ထားလေသည်။



'တိုင်နေတာ'

ဟု တုံးတိတိ ပြေလိုက်လေသည်။

လုယိက....

'ဆရာကို့က အရေးကြီးတဲ့ ကိစ္စတစ်ခု ဆောင်ရွက်စရာ ရှိတယ်လို့ ပြောနေပါလား'

သုဝေက....

'ဟုတ်မှာပေါ့'

လုယိက....

'ဆရာကို့က မင်းကို ဘာမှမပြောဘူးလား'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

လုယိက သွေးတိုးစမ်းကာ မေးလိုက်သည်။

သုဝေက....

'မသိဘူး'

လုယ်ိက....

'အရေးကြီးတဲ့ကိစ္စ လုပ်စရာ ရှိတယ်ဆိုတာတောင် မင်းဘာမှမသိတာ အံ့ဩစရာပဲ'

သုဝေက ပခုံးတွန့်လိုက်သည်။

'ဒါငါ့ကိစ္စမဟုတ်ဘူး၊ မင်းသိချင်ရင် ဆရာ့ကို့ကို သွားမေးကြည့်ပေါ့'

လုယ်ိက....

'ထားပါတော့လေ၊ တကယ်တန်း အရေးကြီးတဲ့ကိစ္စ ရှိနေပြီး ဆရာကို့က မင်းကိုမခိုင်းဘဲငါ့ကိုခိုင်းမယ်ဆိုရင်ကော'

သုဝေက....

'ဒါ သူ့သဘောပေါ့'

လုယ်ိက....

'မင်း ဘယ်လိုမှ မခံစားရဘူးလား'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း'



'မင်း....'

လုယ်ိ မကျေမနပ် ဖြစ်သွားသည်။

သုဝေ မခံချိမခံသာ ဖြစ်နေစေချင်သည်။

သုဝေက အမှုမထားသောအခါ သူသာ အားမလို အားမရ ဖြစ်လာရလေသည်။

သုဝေက....

'မင်းပြောချင်တာ ဒါပဲလား'

ဟု မေးလာလေသည်။

လုယ်ိက....

'ရှိသေးတယ်'

သုဝေက....

'ဘာပြောချင်သေးလို့လဲ'

လုယ်ိက...

'ဆရာကို့က မင်းရှုးနေလို့ အရေးကြီးတဲ့ တာဝန်မပေးဘဲ ငါ့ကိုခေါ်ခိုင်းရတာလို့ ပြောတယ်'

ထိုစကားကြားလျှင်....

'ဟား....ဟား....ဟား'

သုဝေက ဟားတိုက်ရယ်မောလိုက်လေသည်။

လုယိက ပြုံးလိုက်သည်။

'ဘာလဲ...မင်းမကျေမနပ် ဖြစ်သွားပြီမဟုတ်လား'

ဟု ခနဲ့လိုက်၏။

သုဝေက ခေါင်းခါယမ်းလိုက်သည်။

'ဘာကြောင့်ဖြစ်ရမှာလဲ'

'မင်း....'

'သူက ငါ့ကိုမနိုင်းလို့ ငါက ပိုပြီးတောင် ဝမ်းသာသေးတယ်'

လုယိက နှာခေါင်းရှုံ့လိုက်ပြီး....

'မင်းလိမ်ပြောမနေပါနဲ့လေ'

သုဝေက....



'လိမ်ပြောစရာအကြောင်းမရှိဘူးကွ၊ အဲဒါ ဘာကြောင့်လဲ သိလား၊ ငါက ခုချိန်မှာ ဘာမှမလုပ်ချင်ဘူး၊ ပြီးတော့ ဆရာကို ပြောသလို ရှူးနေလို့ပေါ့'

ဟု ပြောချလိုက်၏။

လုယိသည် အပြောင်းလဲကြီး ပြောင်းလဲနေသော သုဝေကိုကြည့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

*　　*　　*

ကို ထုချုန်း သက်ပြင်းချလိုက်သည်။

မလှုပ်မယှက်ရှိနေသော သုဝေကိုကြည့်ကာ....

'သုဝေ....မင်းဘာဖြစ်နေတာလဲ'

ဟု မေးလေသည်။

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာမှမဖြစ်ပါဘူး ဆရာကို'

ကိုထူးချန်းက....

'ခုတစ်လော မင်းကိုကြည့်ရတာ တွေဝေငေးငိုင်နေတာကိုပဲ တွေ့ရတယ်၊ ကဗျာလက်ာတွေလဲ့စပ်တယ်၊ မင်း စိတ်မှန့်သေးရဲ့လား'

သုဝေက....

'ဆရာကိုက ကျုပ်ကို ရူးနေပြီလို့ ထင်နေတယ်ဆိုတာ ကျုပ်သိပါတယ်'

ကိုထူးချန်းက....

'အေး....ဟုတ်တယ်'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

သုဝေက....

'ကျုပ်က ရူးတယ်ဆိုရင် အရူးတစ်ယောက်လိုပဲ သဘောထားလိုက်ပါတော့ဗျာ'

'ဘာကွ'



'ဘာတွေ ဖြစ်နေတယ်ဆိုတာ ကျုပ်ကိုယ်တိုင်လဲ နားမလည်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ'

ကိုထူးချန်းက....

'သုဝေ....မင်းနဲ့ငါ ဘယ်တော့မှ ခွဲခြားလို့ မရဘူးဆိုတာ မင်း သိပါတယ်'

သုဝေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ကိုထူးချန်းက....

'မင်းရဲ့အခက်အခဲဟာ ငါ့ရဲ့အခက်အခဲပဲပေါ့၊ ဒါကြောင့် မင်း ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကိုပြောပြရင် ကောင်းမယ်'

သုဝေက....

'ကျုပ် ပြောပြချင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုပြောရမှန်းမသိအောင် ဖြစ်နေတယ်'

ကိုထူးချန်းက....

'မင်းက ဘယ်ကဘယ်လိုစပြီး အခက်ကြုံခဲ့ရတယ် ဆိုတာတောင် မပြောနိုင်ဘူးလား'

သုဝေက....

'ကျုပ်ပြောရင် ဆရာကို ယုံမလား'

ကိုထုံချန်းက....

'ယုံသင့်ရင် ယုံရမှာပေါ့ကွ'

သုဝေက....

'ကောင်းပြီ'

သူ၏အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

*　　*　　*

ထိုဘစ်ခနေ့

---

ကိုထုံချန်း၏ မျက်နှာထား ခက်ထန်တင်းမာနေ၏။

လက်နှစ်ဖက်ကိုနောက်ပစ်ကာ အခန်းတွင်းဝယ် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေရာမှ သုဝေ၏ရှေ့တွင် ဆတ်ခနဲ ရပ်တန့်လိုက်လေသည်။

သုဝေက ကိုထုံချန်းကို မျက်တောင်မခတ် ကြည့်နေ၏။

ကိုထုံချန်းက....

'သုဝေ....မင်း စဉ်းစားကြည့်စမ်း၊ ရှောင်စိမ်း ခုလို လုပ်သွားတာ ကောင်းသလား'

ဟု ပြောလာလေသည်။

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'မကောင်းပါဘူး ဆရာကို'

ကို့ထုံချန်းက....

'ဒါပေါ့၊ ငါက အလုပ်လက်ခံထားတယ်၊ သူ့ကိုအလုပ်လုပ်ဖို့ လွှတ်လိုက်တယ်၊ ဒါပေမယ့် သူက ဘာမှမလုပ်ဘဲ ရတဲ့ငွေကိုယူပြီး ရှောင်တိမ်းသွားတယ်'

သုဝေက....

'ဆရာကို ကျုပ်ကို ခေါ်လိုက်တာ ဘာလုပ်ပေးစေချင်လို့လဲ'

ကို့ထုံချန်းက....

'ငါ့သဘောကတော့ တစ်ပတ်ရိုက်သွားတဲ့ ရှောင်စိမ်းကို မင်းက ဆုံးမပေးစေချင်တယ်'

သုဝေ ခေါင်းညိတ်လိုက်သည်။

'ရပါတယ်၊ ဈေးကကော....'

ကို့ထုံချန်းက....



'သူနဲ့ ပတ်သက်ပြီး အကျိုးအမြတ် မရှိဘဲအပြင် အရှုံးတောင်ပေါ်သေးတယ်၊ ဒါပေမယ့် မင်းကို ခိုင်းမယ်ဆိုတော့ ငါ့အိတ်ထဲကပဲ စိုက်ပေးရမှာပေါ့၊ မင်းလိုတစ်ဝက်လောက် လျှော့ယူပေါ့'

သုဝေက....

'ကောင်းပြီ၊ ရှောင်စိမ်း ဘယ်မှာရှိသလဲ ပြောပါ'

ကို့ထုံချန်းက....

'သူက ပေရှီးနယ်မှာ သွားရှောင်နေတယ်လို့ သတင်းကြားရတယ်'

သုဝေက....

'ကောင်းပြီ၊ ကျုပ်လိုက်သွားပါ့မယ်ဗျာ'

ကို့ထုံချန်းက ကျေနပ်သွားလေသည်။

*　　*　　*

ပေရှိမ်းပြည်နယ်၊ ဟွမ်တုံမြို့။

သုဝေသည် ဟွမ်တုံမြို့၏ အနောက်ဘက်ဈေးငယ်ကလေးတစ်ခုတွင် ရှောင်စိမ်းအား ရှာဖွေတွေ့ရှိခဲ့လေသည်။

ရှောင်စိမ်းသည် ပစ္စည်းအမျိုးမျိုးစုံစီနဖာရောင်းချသော ဆိုင်ကလေးဖွင့်လှစ်ထားလေသည်။

သုဝေသည် ဆိုင်ရှေ့၌ ရပ်လိုက်သည်။

ထုံးစံအတိုင်း အနက်ရောင်အဝတ်အစားများ ဝတ်ထားပြီး ဦးခေါင်းပေါ်၌ ခမောက်တစ်လုံးဆောင်ထားလေသည်။

သုဝေက ဆိုင်ရှေ့၌ရပ်လိုက်သောအခါ ရှောင်စိမ်းသည် ရုတ်တရက် မမှတ်မိသေးဘဲ ဈေးဝယ်သူ အထင်ဖြင့်....

'ကြည့်ပါဗျာ၊ ကျုပ်ဆိုင်မှာ ပစ္စည်းစုံပါတယ်၊ ဘာပစ္စည်း လိုချင်တယ်ဆိုတာ ကြည့်ပါ'

ဟု ပြောလာလေသည်။

သုဝေ ရယ်မောလိုက်လေသည်။

'ကျုပ်လိုချင်တဲ့ ပစ္စည်းရှိပါ့မလား'

'မိတ်ဆွေက ဘယ်လိုပစ္စည်းမျိုး လိုချင်လို့လဲဗျာ'



'အသက်'

'ဗျာ'

'ကျုပ်က လူ့အသက်တစ်ချောင်း လိုချင်တယ်၊ သစ္စာဖောက်တဲ့လူရဲ့ အသက်ပဲ'

'ဟင်'

ရှောင်စိမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယခုမှ သုဝေကို သတိထားကြည့်မိလိုက်သည်။

'မင်း....မင်း....သုဝေ'

ဟု ရေရွတ်ကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

သုဝေက ခမောက်ကို ချွတ်လိုက်သည်။

ရှောင်စိမ်းကို စိုက်ကြည့်လိုက်ပြီး....

'ရှောင်စိမ်း၊ မင်းက ဆရာကို့ အကြောင်းကိုသိပါလျက်နဲ့ ဘာကြောင့် သစ္စာဖောက်ခဲ့ရတာလဲ၊ ဆရာကို့ကို သစ္စာဖောက်တဲ့လူအတွက် ပြေးစရာမြေမရှိဘူးကွ'

ဟု ပြောလိုက်သည်။

ရှောင်စိမ်းက....

'သုဝေ၊ ငါ့ကိုသတ်ဖို့ ဆရာကို့က မင်းကို လွှတ်လိုက်တာပေါ့ ဟုတ်လား'

သုဝေက....

'ဟုတ်တယ်'

ရှောင်စိမ်းက....

'မင်း လိုက်လာမှတော့ ငါ ဘယ်လွတ်နိုင်ပါတော့မလဲ'

သုဝေက....

'လုယီကိုလွှတ်လိုက်ရင်လဲ သူက မင်းကို တွေ့အောင်ရှာနိုင်မှာပါ'

ရှောင်စိမ်းက....

'အင်း... မင်းနဲ့ လုယီတို့နှစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ ငါမကြောက်ဘူး'

သုဝေက....

'ကဲ....အချိန်ကြာတယ်၊ ဓားထုတ်လိုက်ပေတော့'



စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ရှောင်စိမ်း ခေါင်းခါယမ်းလိုက်သည်။

'ဓားထုတ်စရာ မလိုပါဘူးကွာ'

'ဘာဖြစ်လို့လဲ'

'ငါမှ မင်းကို မယှဉ်နိုင်တာ'

'မင်းက အညှို့ခံလို့လဲ ငါက ချမ်းသာပေးမှာမဟုတ်ဘူး'

ရှောင်စိမ်း အံကြိတ်လိုက်သည်။

'ငါသိတယ်၊ မင်းနဲ့ လုယီဟာ အသည်းနှလုံး ကင်းမဲ့တဲ့ လူ့တိရစ္ဆာန်တွေဆိုတာ . ငါသိတယ်'

သုဝေက....

'သိရင် ဓားထုတ်'

'ဟား....ဟား....ဟား'

ရှောင်စိမ်းက ဟားတိုက်ရယ်မောလိုက်လေသည်။

သုဝေက....

'မင်း....ဘာရယ်တာလဲ'

ရှောင်စိမ်းက....

'ငါက မင်းကိုမယှဉ်နိုင်ဘူးလေ၊ ဒ့ါကြောင့် အပင်ပန်းခံပြီး ယှဉ်မနေတော့ပါဘူး၊ ငါ့ကိုသာ သတ်ပစ်လိုက်ပေတော့'

သုဝေက....

'ငါက မင်းကိုညာမှာမဟုတ်ဘူးနော်'

ရှောင်စိမ်းက....

'စကားရှည်တယ်၊ သတ်စရာရှိသတ်လိုက်'

'ကောင်းပြီ'

သုဝေက လှံပ်ရှားရန် ဟန်ပြင်လိုက်လေသည်။

ရှောင်စိမ်းသည် အံတင်းတင်းကြိတ်ထားရာမှ မျက်နှာပျက်သွား၏။

ချက်တရက် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

'သုဝေ၊ ငါ့ကိုမသတ်ပါနဲ့၊ ငါ တောင်းပန်ပါတယ်ကွာ'



ဟု မျက်ရည်လည်ရွဲဖြင့် တောင်းပန်လာလေတော့သည်။

သုဝေက....

'မင်းသာ ဆရာကို့ကို သစ္စာမဖောက်ခဲ့ဘူးဆိုရင် ခုလို အဖြစ်မျိုးနဲ့ ကြုံစရာ အကြောင်းမရှိဘူး၊ မင်းက ကြိုတင်စဉ်းစားသင့်တာပေါ့'

ရှောင်စိမ်းက....

'ဆရာကို့ကို သစ္စာဖောက်ရင် အသတ်ခံရမယ်ဆိုတာ ငါ သိပါတယ်ကွာ၊ ဒါ....ဒ့ါပေမယ့်....ငါ ငါက....'

သုဝေက....

'မင်း....ဘာကြောင့် သစ္စာဖောက်ခဲ့ရတာလဲ'

'ငါ့....ငါ့သားလေးကြောင့်ပါ'

'ဟင်'

သုဝေ အံ့သြသွားလေသည်။

ကြေးစားလူသတ်သမားများသည် များသောအားဖြင့် သံယောဇဉ် တွယ်တာမှုကင်းမဲ့ပြီး အိမ်ထောင်ပြုတတ်ကြသူများ မဟုတ်ပေ။

ရှောင်စိမ်းတွင် မိသားစု ရှိနေသည်ဟု မည်သူမျှ မသိခဲ့ကြပေ။

အတူးသဖြင့်....

ဆရာကို့သည် အိမ်ထောင်ရှိသူများ၊ မိဘဆွေမျိုး ရှိသူများကို အသုံးမပြုဘဲ ပစ်ပယ်ထားလေ့ရှိသည်။

ကြေးစားလုပ်ငန်းသည် တစ်ကောင်ကြွက်များ အတွက်သာ အသင့်လျော်ဆုံးဖြစ်သည် မဟုတ်လား။

ရှောင်စိမ်းက....

'ငါ့မှာ ဇနီးသည်နဲ့သားလေးတစ်ယောက်ရှိတယ်၊ ငါက ကြေးစားဘဝနဲ့ သူတို့ကို ရှာဖွေကျွေးမွေးနေတာကို ဘယ်သူမှ မသိကြဘူး၊ မကြာသေးခင်က ငါ့ရဲ့ဇနီးသည် မကျန်းမမာဖြစ်ခဲ့တယ်၊ ဆေးကုဖို့ ငွေလိုတယ်လေ'

သုဝေက....

'ဒါကြောင့် မင်းက ဆရာကို့ကို တစ်ပတ်ရိုက်လိုက်တာပေါ့ ဟုတ်လား'

ရှောင်စိမ်းက....

'ဟုတ်တယ်၊ ငါ့ရဲ့ဇနီးသည်အတွက် ငွေလိုနေတယ်၊ ငါက ဆရာကို့ဆီက ကြိုတင်ငွေတောင်းလို့ မရဘူး၊ ဒါကြောင့်



တစ်ပတ်ရိုက်ပြီး ရတာယူလိုက်တာပဲ၊ ပြီးတော့ သမားတော်ခေါ်ပြီး ဆေးကုပေးခဲ့ရတယ်'

သုဝေက....

'မင်းရဲ့ဇနီးသည်ကော'

ရှောင်စိမ်း ခေါင်းခါယမ်းလိုက်သည်။

'ငါကြိုးစားခဲ့ပေမယ့် နောက်ကျသွားပါပြီ၊ ရောဂါက လွန်နေပြီ၊ သူသေသွားတယ်'

သုဝေက....

'မင်းမှာ သားတစ်ယောက် ကျန်ခဲ့တာပေါ့၊ ဟုတ်လား'

ရှောင်စိမ်းက....

'ဟုတ်တယ်'

'ဘယ်မှာလဲ'

'မင်း ဘာလုပ်မလို့လဲ'

'ကြည့်ချင်လို့'

ရှောင်စိမ်း ခေါင်းခါယမ်းလိုက်သည်။

'သူမရှိဘူး'

သုဝေ ပြုံးလိုက်လေသည်။

ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ဆိုင်ထဲ၌ ခုတင်တစ်လုံးရှိနေပြီး ကလေးကစားစရာအရုပ်များကို ပွေ့ပိုက်ကာ အိပ်ပျော်နေသော ကလေးငယ် တစ်ယောက်ကို တွေ့လိုက်ရလေသည်။

သုဝေက....

'ချစ်စရာလေးပဲ'

ဟု ပြောလိုက်သည်။

ရှောင်စိမ်းက....

'ငါ့သားနဲ့ ဘာမှမဆိုင်ဘူး'

ဟု ကြောက်လန့်တကြား ပြောလေသည်။

သုဝေက....

'ဟုတ်တယ်၊ မင်းရဲ့သားနဲ့ ဘာမှမဆိုင်ပါဘူး'



ရှောင်စိမ်းက သက်ပြင်းချလိုက်လေသည်။

သုဝေက....

'မင်းရဲ့ကလေး ရှေ့ရေးအတွက် မင်းဘယ်လို စီစဉ်ထားသလဲ'

ရှောင်စိမ်းက....

'ငါ....'

သုဝေက....

'မင်းက ကြိုတင်စီစဉ်ထားဖို့ကောင်းတယ်'

'ငါ....'

သုဝေက....

'မင်းဇနီးရဲ့ ဆွေမျိုးဉာတိတွေကော မရှိဘူးလား'

ရှောင်စိမ်းက....

'ရှိတယ်၊ ဒါပေမယ့် သူတို့က ငါနဲ့သဘောမတူလို့ သောခန်း ဖြတ်ထားကြတယ်ကွ'

သုဝေက....

'ကောင်းပြီလေ၊ မင်းကလေးရဲ့ ရှေ့ရေးကို စီစဉ်လိုက်ပါ၊ မင်းကို ငါအချိန်ပေးမယ်'

ဟု ပြောလိုက်သည်။

ရှောင်စိမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'မင်း....မင်း တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဝမ်းသာလိုက်တာကွာ၊ မင်းရဲ့ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး'

သုဝေက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းအတွက် ကျေးဇူးတင်ဖို့၊ ကျေးဇူးဆပ်ဖို့ အချိန်မရှိတော့ပါဘူး၊ မင်းကိုငါက သုံးရက်ထက်ပိုပြီး အချိန်မပေးနိုင်ဘူး'

ရှောင်စိမ်းက....

'သုံးရက် ဟုတ်လား၊ အချိန်မနည်းဘူးလားကွာ'

သုဝေက....

'ဒါတောင် ငါ့သဘောနဲ့ ငါအချိန်ပေးတာ၊ ဆရာကိုသိရင် သဘောတူမှာ မဟုတ်ဘူး၊ ပြီးတော့ ငါလုပ်ရမယ့်



အလုပ်မှာခုလိုအချိန် ဆိုင်းထားတာမျိုး တစ်ခါမှမရှိဖူးဘူးဆိုတာ မင်းသိပါတယ်'

ရှောင်စိမ်းက....

'ဟုတ်ပါတယ်ကွာ၊ ငါနားလည်ပါတယ်'

သုဝေက....

'ကောင်းပြီ၊ မင်းနားလည်တယ်ဆိုရင် လုပ်စရာရှိတာလုပ်တော့'

ရှောင်စိမ်းက....

'သုံးရက်ပြည့်ရင် မင်းပြန်လာခဲ့ပါ ငါစောင့်နေပါ့မယ်'

ဟု ပြောလေသည်။

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ငါမသွားဘူး'

'ဟင်....

'ငါက မင်းနဲ့အတူနေမယ်'

'မင်း....မင်း'

'ငါရှိနေလဲ မင်းအတွက် အနှောင့်အယှက်ဖြစ်မှာမှ မဟုတ်ဘဲကွ'

'ငါ...'

သူဝေက....

'ငါက တစ်ပတ်ရိုက်တတ်တဲ့လူကို မယုံဘူးကွ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

* * *

တစ်ရက်။

နှစ်ရက်။

သုံးရက်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

သုံးရက်။



သူဝေက ပေးထားသော အချိန်သုံးရက်သည် ပြည့်သွားပြီ ဖြစ်လေသည်။

သူဝေသည် ပြောလျှင်ပြောသည့်အတိုင်း လုပ်တတ်သူ ဖြစ်သည်။

ထို့ကြောင့် ရှောင်စိမ်းအား သုတ်သင်ပစ်တော့မည်ဖြစ်သည်။

ရှောင်စိမ်းသည် ထိုသုံးရက်အတွင်း လှုပ်ရှားခြင်းမပြုဘဲ တွေဝေငေးငိုင်၍ နေလေသည်။

သူ၏သားငယ်နှင့်မခွဲဘဲ အတူနေသည်။

ခါတိုင်းလိုပင် ဈေးဆိုင်ဖွင့်သည်။ ဈေးရောင်းသည်။ သားငယ်လေးနှင့် ပျော်ပါးဆော့ကစားသည်။

သူ၏အသွင်မှာ အပူအပင် ကင်းမဲ့လှသည်။

သို့သော်....

ကလေးအိပ်သွားသောအခါ တွေဝေငေးငိုင်၍ နေလေသည်။

စကားလည်းမပြောပါ၊ ထမင်းလည်းမစားပါ၊ အရက်ကိုသာ တွင်တွင်သောက်နေသည်။

တစ်အိမ်တည်း အတူနေခဲ့သော သုဝေအတွက် စားသောက်စရာ လိုလေသေးမရှိ စီစဉ်ပေးလေသည်။

သို့သော် ကောင်းစွာ စကားမပြောပါ။

သို့ဖြင့် သုံးရက်ပြည့်သွားလေသည်။

* * *

သုဝေက....

'သုံးရက်ပြည့်သွားပြီကွ'

ဟု ပြောလိုက်သည်။

ငိုင်နေသောရှောင်စိမ်းမှာ မိုးပြိုကျလာသည်ဟု ကြားလိုက်ရသည့်အလား လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'သုံးရက်ပြည့်ပြီ'

ဟု ရေရွတ်လိုက်သည်။

သုဝေက....

'ဟုတ်တယ်'



ရှောင်စိမ်းက....

'သုံးရက်ပြည့်တော့....'

'မင်း သေရမှာပေါ့'

'ငါ'

'ဟုတ်တယ်၊ မင်းကို ငါ ခုထက်ပိုပြီး အခွင့်အရေးမပေးနိုင်တော့ဘူး'

ရှောင်စိမ်း သက်ပြင်းချလိုက်လေသည်။

'မင်း အခွင့်အရေးပေးပြီးပါပြီကွာ'

သုဝေက....

'ဒါပေမယ့် မင်းက ကလေးအတွက် ဘာမှ မစီစဉ်ခဲ့ဘူး'

ရှောင်စိမ်းက....

'ငါ ဘယ်လိုစီစဉ်ရမယ်ဆိုတာ တွေးလို့ကိုမရဘူး'

သုဝေက....

'ဒါတော့ မင်းကိစ္စပဲလေ'

ရှောင်စိမ်းက....

‘ဟုတ်တယ်၊ ဒီသုံးရက်အတွင်း ငါ့သားလေးကို ပျော်အောင်ထားနေတာ အကြောင်းတော့ရှိပါတယ်’

သုဝေက....

‘ပြောစမ်းပါဦး’

ရှောင်စိမ်းက....

‘ငါက သေရတော့မယ်၊ ငါ့သားလေးရဲ့ ရှေ့ရေးကိုလဲ စီစဉ်ပေးနိုင်မယ့်သူတော့ မရှိဘူး၊ ဒါကြောင့် ငါသေသွားရင် ငါ့သားလေးကိုပါ တစ်ပါတည်း ခေါ်သွားမယ်လို့ စီစဉ်ထားတာပဲ’

‘ဘာ’

သုဝေ အံ့ဩသွားလေသည်။

မမျှော်လင့်သော ကိစ္စတစ်ခုနှင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်သည်။

ရှောင်စိမ်းကို မယုံကြည်နိုင်စွာကြည့်ရင်း....

‘မင်း ရူးနေပြီ’



ဟု ပြောလိုက်လေသည်။

ရှောင်စိမ်းက....

‘ငါက ရူးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ သေလူဆိုတော့ ဘာထူးမှာလဲ’

‘မင်း....’

သုဝေသည် မည်သို့ ဆက်ပြောရမှန်းမသိသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ရှောင်စိမ်းက ...

‘သုဝေ၊ ငါတို့သားအဖ အတူတူ အဆိပ်ခတ်ထားတဲ့ အစားအစာတွေကိုစားပြီး သေပါရစေလားကွာ’

သုဝေ သက်ပြင်းချလိုက်သည်။

ထို့နောက် ခေါင်းညိတ်ပြလိုက်လေသည်။

* * *

ရှောင်စိမ်းက စားသောက်ဖွယ်ရာများကို အကောင်းဆုံးဖြစ်အောင် စီစဉ်လိုက်သည်။

ထို့နောက် အလွန်ပြင်းထန်သောအဆိပ်မှုန့်ကို ဖြူးလိုက်လေသည်။

သားဖြစ်သူကိုခေါ်ကာ ထမင်းဝိုင်း၌ အတူထိုင်လိုက်၏။

သုဝေက မလှမ်းမကမ်းမှ ရပ်ကြည့်နေ၏။

ရွှေဝင်စိမ်းက....

'ကြေးစားဘဝနဲ့ သူတစ်ပါးအသက်ကို မညှာတာခဲ့ပေမယ့် ကိုယ့်အလှည့်ကျတော့ အတော့်ကိုခံရဆိုးတာပဲကွ'

ဟု ပြောလေသည်။

သုဝေက ဘာမှမပြောဘဲနေလိုက်လေသည်။

ရွှေဝင်စိမ်းက....

'သုဝေ မင်းကို ငါ နှုတ်ဆက်ခဲ့ပါတယ်ကွာ'

စကားဆုံးလျှင် ကလေးအား ထမင်းကျွေးရန် ဟန်ပြင်လိုက်လေသည်။

သုဝေက မျက်တောင်မခတ်ကြည့်နေ၏။

ရုတ်တရက်....



သူ၏မျက်လုံးများ မှုန်ဝါးဝါးဖြစ်သွားသည်။

နားထဲ၌ သာယာနာပျော်ဖွယ်ကောင်းသော တေးသံများကြားလိုက်ရ၏။

ရင်ထဲ အလိုလိုပျော်ရွှင်လာသည်။

တေးကဗျာရေးစပ်လိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့နောက်....

အရာရာအားလုံးကို မေ့လျော့သွားသည်ဟု ခံစားလိုက်ရလေတော့သည်။

*　　*　　*

ကို့ထုံချွန်း မျက်မှောင်ကြုတ်နေသည်။

'မင်းက သတိလက်လွတ်ဖြစ်သွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ဘယ်လိုဖြစ်တာလဲ၊ ရွှေဝင်စိမ်းက မင်းကို အဆိပ်ခတ်လိုက်လို့လား'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး'

'ဒါဖြင့်....'

'ဘယ်လိုဖြစ်တယ် ဆိုတာကို ကျုပ်လဲ မပြောတတ်ဘူး၊ ကျုပ်တစ်သက်မှာ ဒီလိုအဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံဖူးဘူး'

ကို့ထုံချွန်းက....

'သုဝေ မင်းပြောတာတွေကို ငါက ယုံကြည်လိမ့်မယ်လို့ များ ထင်နေသလား'

သုဝေက....

'ခင်ဗျားမယုံလဲ ကျုပ် မဘာတ်နိုင်ဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ကို့ထုံချွန်းက....

'နေစမ်းပါဦး၊ မင်းက ရှောင်စိမ်းကိုမသတ်ဘဲ ပြန်လာခဲ့တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ မယုံနိုင်စရာ ကောင်းလောက်အောင်ပဲ ကျုပ်ရဲ့စိတ်တွေ နူးညံ့သိမ်မွေ့နေတယ်၊ ကျုပ် လူမသတ်ချင်



တော့ဘူး၊ လူသတ်တဲ့ အလုပ်ဟာ ကျုပ်နဲ့ မဆိုင်သလိုဘဲ၊ ကျုပ်ကိုယ်ကျုပ် စာပေသမားတစ်ယောက်လို ကဗျာဆရာ တစ်ယောက်လို ခံစားနေရတယ်၊ ဟောဒီ ပိတ်စပေါ်မှာ ရေးထားတဲ့ ကဗျာဟာ ရှောင်စိမ်းရဲ့အိမ်မှာ ကျုပ်စပ်ခဲ့တဲ့ ကဗျာပေါ့'

ထိုအချိန်မှစပြီး ကို့ထုံချွန်းသည် သုဝေအား ရူးသွပ်နေသူတစ်ယောက်ဟု သတ်မှတ်လိုက်လေသည်။

သုဝေ မှုပြီးပြတ်ခဲ့သော ကိစ္စအတွက် လုယိကိုစေလွှတ်လိုက်သည်။

လုယိက ရှောင်စိမ်းအား ရှာဖွေကာ သုတ်သင်ရှင်းလင်းပစ်လိုက်လေတော့သည်။

* * *

## ထူးဆန်းသောစိတ်ကူး

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ် လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

သုဝေသည် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ ထိုင်နေ၏။

ရုတ်တရက်....

ခြေသံများထွက်ပေါ်လာပြီး သူ၏အနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။



သုဝေက ခေါင်းမော့ကြည့်လိုက်သောအခါ လုယိကို တွေ့လိုက်ရ၏။

လုယိက....

'သုဝေ....ဆရာကို့ လက်ခံထားတဲ့ကိစ္စကို ဆောင်ရွက်ဖို့ ငါသွားရတော့မယ်ကွ'

ဟု ပြုံးစစဖြင့် ပြောလာလေသည်။

သုဝေ မခံချင်အောင် ပြောလိုက်ခြင်းဖြစ်သည်။

သုဝေက ဘာမှ မပြောပါ။

လုယိက....

'တကယ်ဆို ဒီကိစ္စကို ဆရာကို့က မင်းကိုခိုင်းမလို့၊ ဒါပေမယ့် စိတ်မချနိုင်တော့လို့ ငါ့ကို ခိုင်းရတာပဲ'

သုဝေက....

'သူက ငါ့ကို စိတ်မချဘူးဆိုတာလဲအပြစ်မပြောသာပါဘူး လေ၊ ငါက စိတ်မချစရာပဲ မဟုတ်လား'

လုယိက....

'ဘာလဲ၊ မင်းက ရှုံးနေလို့လား'

'ငါ...'

'မင်း....ရှုံးနေတာပဲ ဖြစ်မယ်၊ မင်းရေးစပ်ထားတဲ့ ကဗျာအကြောင်း ဆရာကို့က ငါ့ကိုပြောပြီးပြီ'

သုဝေ ပါးစပ်ပိတ်ထားလိုက်သည်။

လုယိက....

'ဆရာကို့က မင်းကို အားမကိုးတော့ဘဲ ငါ့ကို အားကိုးနေပြီဆိုတော့ မင်းဘာပြောချင်သလဲ'

သုဝေ ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ ပြောစရာမရှိဘူး'

'ဒါ....တကယ်လား'

'တကယ်ပေါ့'

'ဟား....ဟား....ဟား'

လုယိက ဟားတိုက်ရယ်မောလိုက်ပြီးလျှင်....



'မင်းဟာ....ရှုံးသွပ်နေတဲ့အပြင် သူ့ရဲ့ဘောကြောင်တဲ့ လူတစ်ယောက် ဖြစ်နေပြီကွ'

ဟု ပြောလိုက်သည်။

ထို့နောက် သုဝေကို လုံးဝဂရုမစိုက်တော့ဘဲ ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

* * *

လုယိ ထွက်သွားပြီ ဖြစ်လေသည်။

သုဝေ သက်ပြင်းချလိုက်သည်။

'သူက ငါ့အပေါ် ဘယ်တော့များမှ ကျေနပ်နိုင်မှာလဲ'

ဟု ရေရွတ်လိုက်သည်။

လုယိက သူ့အပေါ် မနာလို မရှုဆိတ် ဖြစ်နေကြောင်း သူသိထားပြီး ဖြစ်လေသည်။

ယခု လုယိသည် ကို့ထံချဉ်း အားအထားရဆုံး လူတစ်ယောက် ဖြစ်သွားချေပြီ။

သို့တိုင် သုဝေအပေါ် အဘယ်ကြောင့် မကျေမနပ်ဖြစ်နေရပါသနည်း။

သုဝေ ပခုံးတွန့်လိုက်သည်။

လုယိနှင့်ပတ်သက်ပြီး မစဉ်းစားဘဲနေရန် ဆုံးဖြတ်လိုက်လေသည်။

လုယိထက်ပို၍ အရေးကြီးသော စဉ်းစားစရာများ ရှိနေသေးသည် မဟုတ်ပါလား။

သုဝေက အရှေ့ဘက်တည့်တည့်သို့ ကြည့်လိုက်၏။

အရှေ့ဘက်တည့်တည့်တွင် မြက်ခင်းပြင်ကြီးရှိနေပါသည်။

အဝေးတွင် ညို့မှိုင်းနေသော တောင်စဉ် တောင်တန်းများကိုရေးရေးမျှ တွေ့မြင်နေရသည်။

သုဝေက အဝေးသို့ ငေးမောရင်း ရှောင်စိမ်း၏အိမ်၌ အဘယ်ကြောင့် သူ၏ စိတ်ထား ပြောင်းလဲ သွားခဲ့ရသည်ကိုလည်း တွေးတောစဉ်းစားလိုက်လေသည်။

သူမရှုံးပါ။

သူသည် ကြေးစားစိတ်ထားရှိသော ကြေးစား တစ်ယောက်သာ ဖြစ်ပါသည်။



သူ့အကြောင်းကို သူ အသိဆုံးဖြစ်သည်။

သို့သော်....

ရှောင်စိမ်း၏အိမ်၌ဖြစ်ပျက်ခဲ့ပုံမှာ ပဟေဠိဆန်လွန်းလှပေသည်။

သုဝေသည် မလှုပ်မယှက်ထိုင်ရင်း တွေးတောစဉ်းစားနေ့လိုက်လေတော့သည်။

*        *        *

ကြေးစား

---

နှင်းတဖွဲဖွဲကျနေသည်။

ချယ်ရီများ ဝေဝေဆာဆာ ပွင့်နေသည်။

အအေးဓာတ်သည်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားသည်။

အေးမြသော မြောက်ပိုင်းဒေသသို့ လုယိ ရောက်ရှိလာလေသည်။

*　　*　　*

ထိုချိန်ရှာဆီမှ ငါးနှစ်ကောင်အရက်။

ငါးနှစ်ကောင်အရက်သည် မြောက်ပိုင်းဒေသ၌သာ ရနိုင်သော အရက်ဖြစ်လေသည်။



အလွန်နာမည်ကြီးသော အရက်လည်း ဖြစ်သည်။

လုယိသည် ငါးနှစ်ကောင်အရက်ကို တစ်ခွက်ငှဲသောက်ပြီး....

'ကောင်းလိုက်တဲ့အရက်'

ဟု ချီးကျူးလိုက်လေသည်။

ထို့နောက် စားသောက်ဆိုင်ထဲသို့ ဝေ့ကြည့်လိုက်လေသည်။

စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပါသည်။

သို့သော်....

ယခုတိုင် လုယိအား မည်သူကမှ လာရောက်ဆက်သွယ်ခြင်း မရှိသေးပါချေ။

မြောက်ပိုင်းသို့ရောက်လျှင် ချိန်းဆိုထားသော နေရာသို့ သွားပါက အလုပ်အပ်သူက လာရောက် ဆက်သွယ်လိမ့်မည်ဟု ကို့ထုံချန်းက မှာလိုက်သည်။

လုယိက....

'ငါ ဘယ်လောက်ကြာကြာ စောင့်နေရမှာလဲ'

ဟု တွေးလိုက်၏။

ထိုစဉ်....

အနီရောင် ဝတ်ဆင်ထားသူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့ရလေသည်။

ထိုလူသည် လုယိထံသို့ တည့်တည့်မတ်မတ် လှမ်းလာပြီး....

'မိတ်ဆွေလေး....ကျုပ်က ဒီစားပွဲမှာ ထိုင်လို့ရမလား'

ဟု မေးလာလေသည်။

လုယိက....

'ထိုင်ပါ'

ကြည်ကြည်ဖြူဖြူပင် ထိုင်ခွင့်ပေးလိုက်လေသည်။

အနီရောင်ဝတ်ထားသူက....

'ကျေးဇူးပဲ'

ဟု ပြောကာ ထိုင်ချလိုက်ပြီးလျှင် လုယိကိုပြုံးရင်း....

'မိတ်ဆွေလေးက ငါးနှစ်ကောင်အရက်ကို ကြိုက်ပုံရတယ်'



ဟု ပြောလာလေသည်။

လုယိက....

'ငါးနှစ်ကောင်အရက်ဟာ မြောက်ပိုင်းဒေသမှာပဲ ရနိုင်တာ မဟုတ်လားဗျာ၊ ဒါကြောင့် ရောက်တုန်း ရောက်ခိုက် အဝသောက်မယ်လို့ အားခဲထားတာပေါ့'

ထိုလူက....

'လက်စသတ်တော့ မိတ်ဆွေလေးဟာ ပြည်မကလာခဲ့တာကိုး'

'ဟုတ်ပါတယ်ဗျာ'

ထိုလူက....

'မြောက်ပိုင်းမှာ ငါးနှစ်ကောင်အရက်ထက် ပိုကောင်းတဲ့ အရက် ရှိပါသေးတယ်၊ အခွင့်ကြုံရင် ကျုပ်က မိတ်ဆွေလေးကို ဧည့်ခံချင်ပါသေးတယ်'

လုယိက....

'ဘာအရက်များလဲဗျ'

ထိုလူက....

'မျောက်သွေးနဲ့ဖော်စပ်ထားတဲ့ ပင်ကျိုင်အရက်ပါ'

'ဗြော်....'

'ပင်ကျိုင်အရက်ကို တကယ်တမ်း သောက်သုံးနိုင်တဲ့လူ မြောက်ပိုင်းမှာ နည်းပါးလှပါတယ်၊ မြောက်ပိုင်းနယ်စား ကြီးတို့လို ရာထူးရာခံရှိသူတွေနဲ့ထင်ရှားတဲ့ဂိုဏ်းခေါင်းဆောင် တွေလောက်သာ သောက်နိုင်ကြတာပါ'

လုယိက....

'ထင်ရှားတဲ့ ဂိုဏ်းခေါင်းဆောင်တွေ ဆိုဘာက....'

ထိုလူက ရယ်မောလိုက်သည်။

'မိတ်ဆွေလေးက မြောက်ပိုင်းကိုလာပြီး မြောက်ပိုင်းက ထင်ရှားတဲ့သိုင်းဂိုဏ်းခေါင်းဆောင်တွေအကြောင်းကိုတောင် မှသိသေးဘဲကိုး'

လုယိက....

'ကျုပ်က ညို့ဖျင်းတယ်ဆိုတာဝန်ခံပါတယ်ဗျာ၊ ခင်ဗျား သိရင် ပြောစမ်းပါဦး'

ထိုလူက....



'မြောက်ပိုင်းမှာ သိုင်းသမား အတော်များများ ရှိကြ ပေမယ့် ထင်ရှားတဲ့သိုင်းဂိုဏ်းကြီးတွေကတော့ နှစ်ခုပဲရှိပါ တယ်၊ မိုးကြယ်ဂိုဏ်းနဲ့ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းပါပဲ'

လုယိက....

'ခင်ဗျားရဲ့ ဗဟုသုတကြွယ်ဝမှုကို ချီးကျူးပါတယ်ဗျာ'

ထိုလူက ရယ်မောလိုက်သည်။

'ဒါလောက်လဲ မဟုတ်သေးပါဘူးလေ၊ မိုးကြယ်ဂိုဏ်းနဲ့ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းဟာ အပြိုင်အဆိုင် ဖြစ်နေကြ တယ်၊ မြောက်ပိုင်းဒေသတစ်ခုလုံးကို သြဇာ လွှမ်းမိုးနိုင် အောင် သူ့ထက်ငါကြိုးစားရင်း အကြံတူရန်သူတွေဖြစ်လာ ကြတယ်၊ မိုးကြယ်ဂိုဏ်းနဲ့ မြောက်ပိုင်းတန်ဆောင် ဂိုဏ်းတို့ ဟာ တစ်ယောက်ကိုတစ်ယောက် ပျက်စီးအောင် ဖျက်ဆီး ပစ်ဖို့ ကြိုးစားနေကြတယ်'

လုယိက....

'ခင်ဗျားကကော မိုးကြယ်ဂိုဏ်းကလား၊ မြောက်ပိုင်း တန်ဆောင်ဂိုဏ်းကလား'

ဟု မေးလိုက်လေသည်။

ထိုလူက....

'မင်း ဘယ်လိုထင်သလဲ'

လုယိက....

'ခင်ဗျားဟာ မြောက်ပိုင်း တန်ဆောင်ဂိုဏ်းကပဲ ဖြစ်ရမယ်'

'ဟား....ဟား....ဟား'

ထိုလူက သဘောကျစွာ ရယ်မောလိုက်လေသည်။

လုယိက....

'ကျုပ်မှားနေလို့လား'

ထိုလူက....

'မင်း ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

လုယိက....

'ကျုပ်ကို မြောက်ပိုင်း တန်ဆောင်ဂိုဏ်းကလူက လာပြီး ဆက်သွယ်လိမ့်မယ်ဆိုတာ သိထားလို့ပေါ့'

'ဪ'



'ကဲ....ကျုပ် ဘာလုပ်ရမလဲ ပြောပါ'

ထိုလူက....

'ကျုပ်နောက်ကိုလိုက်ခဲ့ပါ၊ ဘာလုပ်ရမယ်ဆိုတာ ပြောပြပါ့မယ်'

'ကောင်းပြီ'

လုယိက ထိုင်ရာမှ ထရပ်လိုက်လေသည်။

* * *

လုယိတို့ စားသောက်ဆိုင်မှထွက်သွားကြပြီး မကြာမီမှာပင် လူတစ်ယောက်က ဆိုင်ထဲသို့ ခပ်သုတ်သုတ်ဝင်လာလေသည်။

ထိုလူမှာ သိုင်းသမားတစ်ယောက်အသွင်ရှိပြီး ဆိုင်ထဲကျိုးကန်းတောင်းမှောက်ရှာဖွေကြည့်လိုက်လေသည်။

ထိုစဉ် စားသောက်နေသူတစ်ယောက်က....

'ဆရာချင်းဟန်ပါလား၊ ဒီကိုလာပါလား၊ ကျုပ်တို့ညှိခံပါရစေ'

ဟု ထိုင်ရာမှထကာ ရှိရှိသေသေ ပြောလိုက်လေသည်။

ချင်းဟန်ဆိုသူက လက်ကာပြလိုက်သည်။

'နေ....နေ ကျေးဇူးပဲ၊ ကျုပ် မအားသေးလို့ နောက်မှပဲ တွေ့ကြတာပေါ့'

ဟု ပြောကာ စိတ်ပျက်သည့်အသွင်ဖြင့် ဆိုင်ထဲမှ ထွက်သွားလေသည်။

ချင်းဟန်ဆိုသူက ဆိုင်အပြင်ဘက်သို့ ရောက်သွားတော့မှ ထိုင်ရာမှထကာ ဖိတ်ခေါ်ခဲ့သူက သူ၏အဖော်များသို့ လှည့်ကာ....

'အဲဒါ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက ဌာနမှူးချင်းဟန် ဆိုတာပေါ့၊ တစ်ယောက်ယောက်ကို လာရှာတာဖြစ်မယ်'

ဟု ပြောလိုက်သည်။

ထို့နောက် ဆက်လက် စားသောက် နေလိုက်လေတော့သည်။

မေဃ္ဃာဂေဟာသို့ ဆက်သွယ်ကာ ကြေးစားငှားခဲ့သည်မှာ မြောက်ပိုင်းတန်ဆောင်ဂိုဏ်း ဖြစ်သည်ဆိုပါလျှင် လုယီအား လာရောက် ဆက်သွယ်ခေါ်ဆောင်သွားသူမှာ မည်သူဖြစ်ပါသနည်း။

* * *



'ခွပ်... ခွပ်.... ခွပ်... ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

မြင်းလှည်းသည် အရှိန်မှန်မှန်ဖြင့် မောင်းနှင်သွားပြီး ထည်ဝါသော အဆောက်အအုံ တစ်လုံး ရှေ့တွင် ရပ်တန့်သွားလေသည်။

မြင်းလှည်းတံခါးပွင့်သွားပြီး လူနှစ်ယောက်ဆင်းလာ၏။

အနီရောင်ဝတ်ထားသူနှင့် လုယီတို့ဖြစ်လေသည်။

အနီရောင်ဝတ်ထားသူက....

'အထဲကိုကြွပါ'

ဟု ပြောကာ လုယီအား ခေါ်ဆောင်သွားလေသည်။

လုယီကလည်း လိုက်ပါသွားလေသည်။

နှစ်ယောက်သား ဧည့်ခန်းထဲသို့ ရောက်သွားကြသော အခါ....

'ထိုင်ပါ'

ထိုလူက နေရာထိုင်ခင်းပေးပြီး လက်ခုပ်တစ်ချက်တီးလိုက်လေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်သံထွက်ပေါ်လာပြီး မဝေးမနှောင်းတွင် အရက်အိုးနှင့် အရက်ခွက်များထည့်ထားသော လင်ဗန်းကိုကိုင်ကာ လူတစ်ယောက်ရောက်ရှိလာလေသည်။

အနီရောင်ဝတ်ထားသူက....

'သောက်ပါ'

အရက်တစ်ခွက်ငှဲ့ပေးလိုက်လေသည်။

မွှေးကြိုင်သောအရက်နံ့ ထွက်ပေါ်လာသည်။

အရက်သည် သွေးကဲ့သို့နီရဲကာ ပျစ်ချွဲချွဲဖြစ်နေသည်။

လုယိ မျက်မှောင်ကြုတ်သွားလေသည်။

'ဒါ....'

ထိုလူက....

'ဒါ ကျုပ်ပြောတဲ့ မျောက်သွေးအရက်ပေါ့'



လုယိက....

'ကျေးဇူးပါပဲ'

အရက်ခွက်ကိုယူကာ မော့သောက်လိုက်လေသည်။

ထိုလူက....

'ဘယ်လိုလဲ၊ ကောင်းရဲ့လား'

လုယိက အားရပါးရပြုံးလိုက်လေသည်။

'ကျုပ်တစ်သက်မှာ ဒီလိုကောင်းတဲ့အရက်မျိုး တစ်ခါမှ မသောက်ဖူးခဲ့ဘူးဗျ'

ထိုလူက....

'တစ်ခါပဲသောက်လဲ တစ်ခွက်တည်းနဲ့ လုံလောက်ပါတယ်ဗျ'

လုယိက မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားစကားက ဘယ်လိုအဓိပ္ပာယ်လဲဗျ'

ထိုလူက....

'အရက်ကောင်းရင် တစ်ခွက်သောက်တာနဲ့ လုံလောက်တာပေါ့၊ မျောက်သွေးအရက်ဆိုတော့ ပိုတောင် လုံလောက်သေးတယ်'

လုယိက....

'ထားပါတော့လေ၊ ကျုပ်က ဘာလုပ်ပေးရမယ်ဆိုတာပြောပါ'

ဟု အလုပ်ကိစ္စ စကားစလိုက်သေသည်။

ထိုလူက....

'မင်းက မေတ္တာဂေဟာက လာတာမဟုတ်လား'

လုယိက....

'ခင်ဗျားက....'

ထိုလူက....

'ကျုပ်ကို ရှဲ့ယိ လို့သာသိထားရင် လုံလောက်ပါပြီ'

လုယိ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ ရှဲ့ယိ၊ ကျုပ်ကို မေတ္တာဂေဟာက စေလွှတ်လိုက်တာပဲ၊ မြောက်ပိုင်းမှာ အပြိုင်အဆိုင်ဖြစ်နေတဲ့ သိုင်းဂိုဏ်းနှစ်ခုရဲ့ကိစ္စကို ကူညီဖြေရှင်းပေးဖို့လာခဲ့တာပဲ'



ရှဲ့ယိက....

'မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက ကြေးစားငှာပြီး မိုးကြယ်ဂိုဏ်းချုပ်ကို လုပ်ကြံခိုင်းမယ်ပေါ့'

လုယိ မျက်မှောင်ကြုတ်သွားသည်။

'ဒီကိစ္စကို ခင်ဗျားတို့ပဲ စီစဉ်ခဲ့တာ မဟုတ်လား'

ရှဲ့ယိ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့ မဟုတ်ပါဘူး'

'ဘာဗျ'

'ဒီကိစ္စကိုစီစဉ်ခဲ့တာက မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက လူတွေပါ'

လုယိက....

'ခင်ဗျားဟာ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက မဟုတ်ဘူးလား'

ရှဲ့ယိက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဟင်'

လုယိ ရင်ထိတ်သွားသည်။

ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်လေသည်။

ရှဲ့ယီကို မျက်လုံးပြူး၍ကြည့်ရင်း....

'ခင်ဗျားက ဘယ်ဂိုဏ်းကလဲ'

ဟု မေးလိုက်သည်။

ရှဲ့ယီက....

'မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက မဟုတ်ရင် ဘယ်ဂိုဏ်းက ဖြစ်မလဲ၊ မင်း မစဉ်းစားတတ်တော့ဘူးလား'

လုယိ မျက်နှာပျက်သွားပြီး....

'မိုးကြယ်ဂိုဏ်း'

ဟု ရေရွတ်လိုက်လေသည်။

'ဟား....ဟား....ဟား'

ရှဲ့ယီက ရယ်မောလိုက်လေသည်။



လုယိက....

'လက်စသတ်တော့ ခင်ဗျားကချုပ်ကို လှည့်စားပြီး ခေါ်လာတာကိုး'

ရှဲ့ယီက....

'ကျုပ်တို့ဂိုဏ်းနှစ်ဂိုဏ်းဟာ အပြိုင်အဆိုင်ဖြစ်နေတာကြောင့် တစ်ဖက်နဲ့တစ်ဖက် မျက်ခြည်မပြတ် စောင့်ကြည့်နေကြတာပေါ့၊ ဒါကြောင့် မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက အထောက်တော်တစ်ယောက်က ပြည်မကိုဆင်းသွားပြီး မေတ္တာဂေဟာနဲ့ ဆက်သွယ်ခဲ့တာကော မိုးကြယ်ဂိုဏ်းချုပ်ကို လုပ်ကြံဖို့ ကြံစားလူသတ်သမား ငှားခဲ့တာကော သိခဲ့တာပေါ့ဗျာ'

လုယိ သက်ပြင်းချလိုက်သည်။

ရန်သူက ခြေတစ်လှမ်းဦးနေပြီ ဖြစ်လေသည်။

သူက သူဝေ၏နေရာကိုရသဖြင့် ဝမ်းသာခဲ့သည်။

မြောက်ပိုင်းဒေသမှ ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်မည်။

အမြန်ဆုံး ပြီးပြတ်အောင် လုပ်ဆောင်ကာ ပြည်မသို့ပြန်မည်။ သူဝေအပေါ် လက်မထောင်ကာ ဂုဏ်ယူပြမည်ဟု တွေးခဲ့သည်။

မိမိကိုယ်ကို အထင်ကြီးစိတ်ဖြင့် ရန်သူကို ပေါ့ပေါ့တန်တန် သဘောထားခဲ့မိသည်မှာ အမှားကြီးမှားပြီ ဖြစ်ကြောင်း ဆင်ခြင်မိလိုက်လေသည်။

ထို့အပြင်....

'သူဝေသာဆိုရင် ငါ့လိုလုပ်ပါ့မလား၊ ပေါ့ပေါ့တန်တန် နေပါ့မလား'

ဟုလည်း တွေးလိုက်မိလေသည်။

သူဝေသည် ဘယ်သောအခါမှ ပေါ့ပေါ့တန်တန်သဘော ထားမည့်သူမဟုတ်။ ကြေးစားပီသစွာ ဆောင်ရွက်မည့်သူ ဖြစ်ကြောင်း ဆင်ခြင်လာမိသည်။

သူဝေအား မယှဉ်နိုင်လေလေ၊ မကျေနပ်စိတ်က ပို၍ တိုးပွားလာလေလေပင်။

လုံယိ ဒေါသထွက်လာလေသည်။

'ကောင်းပြီ၊ ကျုပ်ဟာ မိုးကြယ်ဂိုဏ်းချုပ်ကို လုပ်ကြံဖို့ လာခဲ့တဲ့ ကြေးစားပါ၊ ခင်ဗျား ဘာလုပ်ချင်သလဲ ပြောပါ'

ရှဲ့ယဲ့က....



'မင်းရဲ့ အလောင်းကို မြောက်ပိုင်းဘန့်ဆောင်ဂိုဏ်းကို သို့ပေးလိုက်ရလိမ့်မယ်'

လုယိက....

'လွယ်မယ်ထင်ရင် ကြိုးစားကြည့်ပေါ့ဗျာ'

ရှဲ့ယဲ့က....

'ဝိုင်းထားလိုက်'

သူ၏ အမိန့်ပေးသံအဆုံးတွင် လူကစ်စု ထွက်ပေါ်လာပြီး လုယိအား ဝိုင်းရံထားလိုက်ကြလေသည်။

'ခြိမ်း'

လုယိက ခေါးဆွဲထုတ်လိုက်သည်။

'တိုက်'

ရှဲ့ယဲ့က အမိန့်ပေးလိုက်လျှင် မိုးကြယ်ဂိုဏ်းသားများ သည် လုယိအားဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လုယိကလည်း အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက် လိုက်လေသည်။

ညှော်ခန်းအတွင်းဝယ် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာ လေတော့သည်။

*　*　*

## ရှုံးနိမ့်ခြင်း

---

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မိုးကြယ်ဂိုဏ်းသားများသည် လုယိအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လုယိသည် သတိတစ်ချက် ပေါ့ဆမိလိုက်သဖြင့် ရန်သူထောင်ချောက်ထဲသို့ သက်ဆင်းရပြီဖြစ်သည်။

သို့သော်....

လုယိသည် ကျားတစ်ကောင်ထက်ပင် ပိုပြီး ကြောက်စရာကောင်းသော ကြေးစားတစ်ယောက် ဖြစ်လေသည်။

ရန်သူက ဝိုင်းတိုက်သည်နှင့် ဓားရှေ့ယမ်းကာ ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်လေသည်။



'ခြွမ်း....ခြွမ်း....ခြွမ်း'

လက်နက်ချင်းပြင်းထန်စွာ ထိတွေ့မိသောအသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မိုးကြယ်ဂိုဏ်းသားများ တစ်ယောက်ပြီး တစ်ယောက်လဲကျသွားကြလေသည်။

ရှဲ့ယာဓိ ခံပြင်းသွားလေသည်။

ဟွန်းခနဲ နှာခေါင်းရှုံ့လိုက်ပြီး....

'ကြေးစားလူသတ်သမားတစ်ယောက်ကို မိုးကြယ်ဂိုဏ်းက အရှုံးပေးရမှာလား'

ဟု ကြုံးဝါးလိုက်သည်။

ထို့နောက်....

'ယား....'

ဥြသံပေးကာ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရှဲ့ယဓိ၏ခန္ဓာကိုယ်သည် လေထဲ၌ခုန်ပျံကာ လုယိထံသို့ ရောက်ရှိသွား၏။

သူ၏ ခြေထောက်နှစ်ဖက်ဖြင့် အဆက်မပြတ် ကန်ကျောက်တိုက်ခိုက်လိုက်လေသည်။

လုယိက....

'သွားစမ်း'

အနန္တရာယ်နှင့်ကြုံတွေ့နေရပြီမို့ သူ၏အကောင်းဆုံး သိုင်းကွက်ဖြစ်သော ငှက်ဆိုးလာလိုက် သိုင်းကွက်ကို အသုံးပြုကာ ခုခံတိုက်ခိုက်လိုက်လေသည်။

ဝင်းလက် တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။



ရှဲ့ယဓိသည် လုယိ၏ထက်မြက်သော ဓားကွက်ကိုမြင်လျှင် ဆက်၍ မတိုက်ခိုက်ဝံ့တော့ဘဲ ကဗျာကယာနောက်သို့ ပြန်လည် ခုန်ဆုတ်သွားလေ၏။

အထိနာသွားကြသော မိုးကြယ် ဂိုဏ်းသားများသည်လည်း ကပျာကယာ နောက်ဆုတ်ကာ လုယိထွက်မပြေးနိုင်အောင် ဝိုင်းရံထားကြလေသည်။

လုယိ အော်ကြိတ်လိုက်သည်။

'ကျုပ်က မိုးကြယ်ဂိုဏ်းချုပ်ကို မဆုံးမရဘဲ မပြန်ဘူးဆိုတာ မှတ်ထားကြပါ'

ဟု ပြောလိုက်လေသည်။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်။

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်သည် လက်ထောက်အခြံအရံများဖြင့် လှမ်းဝင်လာသည်ကို တွေ့ရ၏။

ထိုအဘိုးအိုကိုမြင်လျှင်....

'ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ'

မိုးကြယ်ဂိုဏ်းသားများသည် ပြိုင်တူ ကြွေးကြော်လိုက်ကြပြီး ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

မိုးကြယ်ဂိုဏ်းချုပ် ဖန်ရှောင်ပေ့ ရောက်ရှိလာပြီ ဖြစ်သည်။

လုယိ ရင်ထိတ်သွားသည်။

ကြေးစားတို့၏ အလုပ်သဘောအရဆိုလျှင် ထင်ရှားသော ဂိုဏ်းချုပ်တစ်ယောက်ကို လုပ်ကြံရမည်ဆိုလျှင် ဉာဏ်နီ ဉာဏ်နက် အသုံးပြုကာ တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံလေ့ရှိပေသည်။

ယခုတော့...

လုယိသည် ပြောင်ကျကျ ထိပ်တိုက်ရင်ဆိုင်ရသည့် အခြေအနေနှင့် ကြုံတွေ့နေရသည် မဟုတ်ပါလား။

မိုးကြယ်ဂိုဏ်းချုပ် ဖန်ရှောင်ပေ့က လက်ဝှေ့ယမ်းပြလိုက်လေသည်။

ရှဲ့ယီအပါအဝင် မိုးကြယ်ဂိုဏ်းသားများသည် ကမျာကယာ နောက်ဆုတ်သွားကြလေသည်။



မိုးကြယ်ဂိုဏ်းချုပ် ဖန်ရှောင်ပေ့က ရှေ့သို့ခြေလှမ်းလိုက်သည်။

ညှော်ခန်းအလယ်တွင် ဖန်ရှောင်ပေ့နှင့် လုယိတို့ ရင်ဆိုင်မိလိုက်ကြသည်။

ဖန်ရှောင်ပေ့သည် လုယိအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးလျှင်....

'မင်းက အသက်လဲငယ်တယ်၊ သိုင်းပညာလဲ မခေဘူး၊ ဒါပေမယ့် ကြေးစားတစ်ယောက် ဖြစ်နေတာ နှမြောဖို့ကောင်းလှတယ်'

ဟု ပြောလေသည်။

လုယိက....

'ခင်ဗျားက မိုးကြယ်ဂိုဏ်းချုပ်ဆိုတော့ ကျုပ်တို့ပစ်မှတ်ပေါ့၊ ခင်ဗျား သတိထားပါ'

ဟု ပြောကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

ဖန်ရှောင်ပေ့က လက်ကာပြလိုက်၏။

လုယိက....

'ခင်ဗျား ဘာပြောချင်လို့လဲ'

ဖန်ရှောင်ပေ့က....

'မင်းကို မြောက်ပိုင်း တန်ဆောင်ဂိုဏ်းက ငှားရမ်းလိုက်တာ ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းပြီ၊ ကျုပ်က သူတို့ပေးတဲ့ငွေထက် နှစ်ဆပိုပေးမယ်၊ မင်းက မြောက်ပိုင်းတန်ဆောင်ဂိုဏ်းချုပ်ကို လုပ်ကြံပေးမလား'

လုယိက....

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်လက်မခံနိုင်ပါဘူး'

ရှဲ့ယဉ်က.....

'ဂိုဏ်းချုပ်ကြီးက မင်းကိုအခွင့်အရေးပေးတာကို မင်းက လက်မခံဘူးဆိုရင် မိုက်မဲတာပဲ'

ဟု ဝင်ပြောလေသည်။

လုယိက....



'ကျုပ်ကို ငွေနဲ့ဖြားယောင်းတာ ပိုမှားတာပေါ့ဗျာ'

ဟု တုံ့ပြန်လိုက်လေသည်။

ဖန်ရှောင်ပေ့က....

'မင်း လက်မခံရင် ကျုပ်မတတ်နိုင်တော့ဘူး၊ သတိသာထားပေတော့'

'စိတ်ချ၊ ခင်ဗျားလဲ သတိထားဦး'

သူတို့နှစ်ယောက်သည် ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်လိုက်ကြလေသည်။

* * *

တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

လုယိသည် သူတတ်မြောက်ထားသော ဓားပညာကို အိတ်သွန်ဖာမှောက် အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

အန္တရာယ်ရှိနေလင့်ကစား မိုးကြယ်ဂိုဏ်းချုပ်အား သုတ်သင်ဖို့ အခွင့်အရေး ရနေပြီမဟုတ်ပါလား။

ယခုအချိန်မှ တိုက်ခိုက်ခြင်း မပြုလျှင် နောက်နောင်ဘယ်သောအခါမှ တိုက်ခိုက်ခွင့် ရနိုင်လိမ့်မည်ဟု နားလည်ထားလေသည်။

လုယိက ပြင်းပြင်းထန်ထန် တိုက်ခိုက်ပါသော်လည်း ဖန်ရှောင်ပေ့၏ အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်စွမ်း မရှိပေ။

ဖန်ရှောင်ပေ့သည် လုယိ၏ တိုက်ကွက်များကို အသာအယာ ရှောင်တိမ်းပေးလိုက်လေသည်။

ထို့နောက်....

'ငါ့ရဲ့မိုးကြယ်လက်ဝါးကို မြည်းကြည့်ပါဦး'

ဟု ပြောကာ လက်ဝါးတစ်ဖက် ဆန့်ထုတ်ရိုက်ချလိုက်လေသည်။

ဤတွင်....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။



လုယိသည် ဒယီးဒယိုင်ဖြင့် အဝေးသို့ လွင့်စဉ်သွားလေ၏။

လုယိသည် အခြေအနေမဟန်မှန်း သဘောပေါက်လိုက်သည်။

နောက်သို့ လွင့်စဉ်သွားသောအရှိန်ဖြင့် ဧည့်ခန်းပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်သွားလေသည်။

'ပြေးပြီ'

ရှဲ့ယီက အော်ပြောလိုက်သည်။

ချက်ချင်း ပြေးလိုက်သွားရန် ဟန်ပြင်လိုက်သည်။

'သူသွားပါစေ'

ဖန်ရှောင်ပေ့က ဟန့်တားလိုက်လေသည်။

ရှဲ့ယီ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ သူဟာ ဂိုဏ်းချုပ်ကြီးကို လုပ်ကြံဖို့လာတဲ့ ကြေးစားလူသတ်သမားတစ်ယောက်ပါ၊ သူ့ကို ထိုက်ထိုက်တန်တန် အပြစ်ပေးဆုံးမရပါလိမ့်မယ်၊ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းရဲ့ ကောက်ကျစ်တဲ့လုပ်ရပ်ကို ဖော်ထုတ်ဖို့ သူ့ကို လက်ရဖမ်းဆီးတာ အသင့်လျော်ဆုံးပါ'

ဟု ပြောလိုက်သည်။

ဖန်ရှောင်ပေ ခေါင်းခါယမ်းလိုက်လေသည်။

'မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက သူတို့ ကြေးစားငှားပြီး လုပ်ကြံခိုင်းတာ မဟုတ်ဘူးလို့ ငြင်းမှာပဲ၊ ကြေးစားလူသတ်သမားကလဲ ဝန်ခံမှာ မဟုတ်ဘူး၊ သူ့ကိုလွှတ်ပေးလိုက်ရင် မြောက်ပိုင်းတန်ဆောင်ဂိုဏ်းဟာ သူတို့ရဲ့လုပ်ရပ် မအောင်မြင်နိုင်မှန်းသိသွားမယ်၊ သူတို့လက်ချက်ဆိုတာ မပေါ်ပေါက်ရလေအောင် ဖုံးဖိဖို့ကြိုးစားကြမယ်၊ ဒါဆိုရင်....'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ရှဲ့ယီက သဘောပေါက်သွားဟန်ဖြင့်....

'ဂိုဏ်းချုပ်ကြီး အမြော်အမြင် ကြီးမားလှပါတယ်'

ဟု ပြောကာ ဦးညွှတ်ဂါရဝပြုလိုက်လေတော့သည်။

* * *

## ထူးဆန်းသောကဗျာဆရာ

---

နှင်းတဖွဲဖွဲကျဆင်းနေသည်။

အအေးဓာတ်သည် တစ်စထက်တစ်စ ပိုကဲလာသည်။

လူတိုင်းလူတိုင်းသည် အအေးဒဏ် ကာကွယ်ရန် အနွေးထည်များကို ဝတ်ဆင်နေပြီဖြစ်လေသည်။

လုယိ၏ခန္ဓာကိုယ်ပေါ်၌ ပါးလွှာသော ချည်ထည်အင်္ကျီသာ ရှိလေသည်။

ယခု....

လုယိသည် တည်းခိုခန်းတစ်ခု၌ ရောက်ရှိနေ၏။

မိုးကြယ်ဂိုဏ်းချုပ် ဖန်ရှောင်ပေ၏ လက်ဝါးရိုက်ချက်ကြောင့် ဒဏ်ရာရရှိကာ ကိုယ်လွတ်ရုန်းထွက်ပြေးလာခဲ့ရလေသည်။

ကံကောင်းထောက်မပြီး အသက်ရှင်နေခြင်းဟု ဆိုနိုင်သည်။

လုယိသည် အခန်းတွင်း၌အောင်းနေခဲ့သည်မှာ သုံးရက်ရှိသွားပြီဖြစ်သည်။

အစားအသောက်များ၊ ရေနွေးကြမ်းများကို အခန်းတွင်းသို့သွင်းယူကာ စားသောက်ခဲ့သည်။

အခန်းအပြင်သို့ လုံးဝ မသွားပေ။

ရရှိထားသောဒဏ်ရာကို အတွင်းအားဖြင့် ကျိတ်၍ ကုသနေခဲ့လေသည်။

ကြေးစားတို့သည် အသက်နှင့်ရင်းကာ တိုက်ပွဲဝင်ရသူများဟုဆိုလျှင် မှားမည်မဟုတ်ပါ။

မိမိက လုပ်ကြံနိုင်ခြင်းမရှိပါက မိမိအသက် စွန့်ရမည်ဟု ခံယူချက်ရှိထားကြသူများလည်းဖြစ်သည်။

ကြေးစားမှန်လျှင် အသက်ကယ်ဆေး ဆောင်ထားသူမရှိသလောက်ဖြစ်ပေသည်။

လုယိသည်လည်း အသက်ကယ်ဆေး ဆောင်မထားပါ။



သူက ဖန်ရှောင်ပေအား မယှဉ်နိုင်သည့်တိုင် အသက်စွန့်ကာ တိုက်ခိုက်ရမည်ဖြစ်သည်။

သို့သော်....

သူက တာဝန်မကျေဘဲ သေဆုံးသွားခဲ့လျှင် သုဝေကဲ့သို့ အရည်အချင်းမရှိသူဟု ပြောစမှတ်တွင်ကာ ကျန်ရစ်ခဲ့မည်ဖြစ်သည်။

ထိုသို့သောအဖြစ်မျိုးကို မလိုလားသည့်လုယိက ထွက်ပြေးလာခဲ့ခြင်းဖြစ်သလို အတွင်းအားဖြင့် ဒဏ်ရာကို ကုစားနေခြင်းဖြစ်လေသည်။

အကယ်၍....

ဝေဒနာသက်သာပျောက်ကင်းသွားလျှင် ဖန်ရှောင်ပေအား လုပ်ကြံဖို့ သူက ထပ်ပြီး ကြိုးစားမည်ဖြစ်လေသည်။

လုယိသည် သုံးရက်လုံးလုံး အခန်းအောင်းကာ ဝေဒနာကိုကုစားခဲ့ပြီး အတော်လေး သက်သာသာတော့မှ ပြတင်းတံခါးကို အသာအယာဟကာ အပြင်ဘက် ချောင်းကြည့်လိုက်သည်။

လမ်းပေါ်တွင် ဥဒဟို သွားလာလှုပ်ရှားနေကြသူများကို တွေ့မြင်နေရလေသည်။

မြင်းစီးသမားများ၊ ခါးလှ လက်နက်ဆောင်ကာ သွားလာနေကြသူများကိုလည်း တွေ့ရ၏။

မိုးကြယ်ဂိုဏ်းနှင့် မြောက်ပိုင်းတန်ဆောင်ဂိုဏ်းမှ သိုင်းသမားများ ကျင်လည်ကျက်စားရာ အရပ်တွင် ရောက်ရှိနေခြင်းပင်။

သူက တစ်ချက် မှားသွားလိုက်သည်နှင့် မိုးကြယ်ဂိုဏ်းထောင်ချောက်ထဲသို့ ရောက်ရှိသွားခဲ့လေသည်။

နောက်တစ်ကြိမ် ထိုအမှားမျိုးကျူးလွန်၍ မဖြစ်တော့ပေ။

ကျူးလွန်မိပါက သက်ဆိုးရှည်တော့မည်မဟုတ်ပေ။

လုယိသည် လမ်းသွားလမ်းလာများကို အတန်ကြာ အကဲခတ်ပြီးမှ ပြတင်းတံခါးကို ပြန်ပိတ်လိုက်သည်။

ထိုစဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုယိက....



'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

အပြင်ဘက်မှ....

'ကျွန်တော် ဆိုင်လုလင်ပါ၊ ရေနွေးကြမ်း လာပို့တာပါ'

လုယိက....

'ကောင်းပြီ....ဝင်ခဲ့'

ဆိုင်လုလင်သည် တံခါးတွန်းဖွင့်ကာ ဝင်လာလေသည်။

ရေနွေးကြမ်းအိုးကို စားပွဲပေါ်တင်ပေးပြီး....

'ဆရာလေး၊ ဘာများ အလိုရှိပါသေးသလဲ'

ဟု မေးလာလေသည်။

လုယိက....

'မရှိဘူး၊ မင်းသွားနိုင်ပြီ'

'ကောင်းပါပြီ ခင်ဗျာ'

ဆိုင်လုလင်က ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် လုယိသည် တစ်စုံတစ်ခုကို တွေးမိလိုက်သဖြင့်....

'ခနဦး'

ဟု ဟန့်တားလိုက်၏။

ဆိုင်လုလင်က လှမ်းကြည့်လာလေသည်။

လုယိက...

'မင်းက မြောက်ပိုင်းတန်ဆောင်သိုင်းအဖွဲ့ကို သိသလား'

ဟု မေးလိုက်၏။

ဆိုင်လုလင်ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....သိပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက ဌာနမှူး ချင်းဟန်ဆီကိုသွားပြီး စာတစ်စောင် ပို့ပေးနိုင်မလား'

ဆိုင်လုလင်က....

'ဟုတ်ကဲ့....ပို့ပေးနိုင်ပါတယ် ဆရာလေး'



လုယိ ဝမ်းသာသွားလေသည်။

'ခဏစောင့်ပါ'

စာတစ်စောင်ကို အမြန်ရေးသားပြီး ဆိုင်လုလင်ကို ပေးလိုက်သည်။ ပြီးလျှင်....

'ဒီမြို့မှာ လူသိများပြီး လူရှင်းတဲ့ အေးအေးချမ်းချမ်းရှိတဲ့ နေရာ ရှိသလား'

ဟု မေးလိုက်သည်။

ဆိုင်လုလင်က....

'ဆရာလေး မေးတဲ့အတိုင်းဆိုရင် အရှေ့ဘုံကျောင်းကို သွားတာအကောင်းဆုံးပဲ၊ အရှေ့ဘုံကျောင်းကို လူတိုင်းသိတယ်၊ ဘုရားကျောင်းဖြစ်လို့ အေးချမ်းဆိတ်ငြိမ်မှုလဲ ရှိတယ်'

လုယိက...

'ဒါဖြင့် ဌာနမှူးချင်းဟန်ကို စာပေးပြီးရင် ကျုပ်က အရှေ့ဘုံကျောင်းမှာ စောင့်နေမယ်လို့ ပြောပြလိုက်ပါ'

'ကောင်းပါပြီ ခင်ဗျာ'

လုယိက ဆိုင်လုလင်အတွက် ငွေခပ်များများ ပေးလိုက်သည်။

ဆိုင်လုလင် ကျေနပ်ဝမ်းသာသွားသည်။

'စိတ်ချဆရာလေး၊ ကျွန်တော် အခုပဲ သွားပေးလိုက်မယ်'

ဟုပြောကာ ဦးညွှတ်ပြီး ခပ်သွက်သွက်ထွက်သွားလေတော့သည်။

* * *

အရှေ့ဘုံကျောင်း။

အရှေ့ဘုံကျောင်းသည် သေးငယ်သောအဆောက်အအုံလေး တစ်ခုသာ ဖြစ်လေသည်။

သို့သော်....

အရှေ့ဘုံကျောင်းတွင် ရှေးဟောင်းနတ်ရုပ်များရှိပြီး ဆုတောင်းပြည့်သည်ဟုယုံကြည်ကြသဖြင့် မသိသူမရှိသလောက် ကျော်ကြားနေ၏။



လုယိသည် အရှေ့ဘုံကျောင်းသို့ ရောက်လာပြီဖြစ်သည်။

သူက ဘုံကျောင်းနှင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ရပ်ကာ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

ချင်းဟန်သည် မကြာမီ ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်ထားသည်။

သူက ချင်းဟန်နှင့်ဆက်သွယ်ရသည်မှာ အကြောင်းရှိပေသည်။

မိုးကြယ်ဂိုဏ်းချုပ်အား ထပ်မံလုပ်ကြံရန် ကြိုးစားရာတွင် ချင်းဟန်၏ အကူအညီကို ရယူလို၍ ဖြစ်ပေသည်။

ချင်းဟန်သည် ဒေသခံဖြစ်၍ မိုးကြယ်ဂိုဏ်းအကြောင်းကို ခရေစေ့တွင်းကျ သိနေလိမ့်မည်ဟု ယုံကြည်ထားသည်မဟုတ်ပါလား။

လုယိက ချင်းဟန်အား စောင့်မျှော်နေဆဲမှာပင် မလှမ်းမကမ်းမှ ပလွေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပလွေသံများမှာ သာယာချိုအေးလှသည်။ နားဝင်ပီယံရှိလှသည်။

လုယိသည် အမှတ်မထင် ပလွေသံကို စိတ်ဝင်စားသွားပေသည်။

ပလွေသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်မိလိုက်သည်။

ထိုအခါ....

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ လူငယ်တစ်ယောက်ကထိုင်၍ ပလွေမှုတ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူငယ်သည် လုယိနှင့်အသက်အရွယ်ချင်း မှတိမ်းမယိမ်းရှိ၏။

အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

နူးညံ့ပျော့ပျောင်းသည့် စာပေသမား တစ်ယောက်နှင့် တူလှပေသည်။

လူငယ်သည် သစ်ပင်ရိပ်ကို ကျောမှီထိုင်ကာ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့ထားပြီး သာယာနာပျော်ဖွယ်ကောင်းသော တေးသွားအလိုက်တစ်ခုကို စိတ်ပါလက်ပါတီးမှုတ်နေ၏။

လုယိက မျက်မှောင်ကြုတ်၍ ကြည့်နေပြီးမှ အမူမထားတော့ဘဲ ဘုံကျောင်းသို့ လာရာလမ်းအတိုင်း မျှော်ကြည့်လိုက်လေသည်။



ချုန်းဟန်နှင့်မတွေ့ရမီ မိုးကြယ်ဂိုဏ်းသားများနှင့် မတွေ့လိုဘဲ ဘုံကျောင်းနံဘေး သစ်ပင်များကြား၌ ခိုအောင်းနေလိုက်ခြင်း ဖြစ်ပေသည်။

လုယိက ချင်းဟန်ကို စောင့်မျှော်နေစဉ် ပလွေသံသည် တဖြည်းဖြည်း တိတ်ဆိတ် ပျောက်ကွယ် သွားလေသည်။

ပလွေသံရပ်တန့်သွားလျှင် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

လုယိအတွက်ကား တိတ်ဆိတ်ငြိမ်သက်မှုသည် လက်မခံနိုင်စရာကောင်းသော ကိစ္စတစ်ခုပမာ ဖြစ်လာသည်။

အမှတ်မထင် ပလွေမှုတ်ခဲ့သော လူငယ်ဘက်သို့ လှမ်းကြည့်မိလိုက်လေသည်။

လူငယ်က ထိုင်ရာမှ ထလာသည်။

ပလွေကိုခါးစည်းကြိုး၌ထိုးကာ လက်နှစ်ဖက်နောက်ပစ်လျက် လုယိရှိရာဘက်သို့ အေးအေးဆေးဆေးလျှောက်လှမ်းလာသည်။

လုယိရှိနေသည်ကို ယခုတိုင် သတိပြုမိပုံမပေါ်သေးချေ။

လူငယ်၏နှုတ်ဖျားမှလည်း တစ်စုံတစ်ခုကို ရေရွတ်လာလေသည်။

'ပန်းကလေးတွေဟာ မိန်းကလေးတွေလို လှတယ်'

'လေညင်းက စောင်းသံနဲ့တူတယ်'

'စိမ်းလန်းတဲ့ သစ်ပင်တွေ၊ တောတောင်တွေ၊ စမ်းချောင်းလေးတွေ အားလုံးဟာ မိုးကောင်းကင်ကြီးအောက်မှာ ပေါင်းစပ်ထားတဲ့ ကဗျာတစ်ပုဒ်ပါပဲ'

ထိုလူငယ်သည် ကဗျာတစ်ပုဒ်ကို ရေရွတ်လာခြင်း ဖြစ်သည်။

လုယိသည် ထိုကဗျာကိုကြားရလျှင် ကြက်သီးမွေးညင်းထသွားလေတော့သည်။

*   *   *

ကဗျာ။

သာယာလှပသော တောတောင်ရေမြေ သဘာဝ အလှအပများကို တင်စားစပ်ဆိုထားသော ကဗျာဖြစ်သည်။

ထိုကဗျာကိုကြားလိုက်ရသဖြင့် လုယိအဘယ်ကြောင့် ထိတ်လန့် တုန်လှုပ်သွားရပါသနည်း။



ထိုကဗျာမှာ သုဝေစပ်ဆိုထားသော ကဗျာနှင့် တစ်လုံးမကျန် တူညီနေခြင်းကြောင့် ဖြစ်လေသည်။

*   *   *

သုဝေသည် ပြည်မတွင် ရှိလေသည်။

ယခု အပြာရောင်ဝတ်ဆင်ထားသော လူငယ်က မြောက်ပိုင်း ဒေသတွင် ရှိနေ၏။

သို့သော်....

သူတို့နှစ်ယောက်သည် ကဗျာတစ်ပုဒ်ကို တစ်လုံးမကျန်တူအောင်စပ်ဆိုနိုင်ကြလေသည်။

ထိုသို့သောအဖြစ်မျိုးလောကပေါ်၌ရှိနေနိုင်ပါမည်လား။

လုယိက လူငယ်အား မယုံကြည်နိုင်စွာ ကြည့်နေစဉ်မှာပင်....

ပြေးလွှားလာသော ခြေသံများကို ကြားလိုက်ရလေသည်။

လူတစ်စုသည် အရှေ့ဘုံကျောင်းဆီသို့ ဦးတည်ကာ ပြေးလွှားလာကြ၏။

ထိုလူစုအား ဦးဆောင်လာသူမှာ ချင်းဟန် ဖြစ်လေသည်။

ချင်းဟန်သည် ဘုံကျောင်းရှေ့သို့ရောက်လျှင် လက်ဝှေ့ယမ်းပြလိုက်၏။

သူ၏လူများသည် ချက်ချင်း လူစုခွဲလိုက်ကြသည်။

တချို့က ဘုံကျောင်းပေါ်ကို တက်သွားကြသည်။

အချို့က သစ်ပင်များကြားသို့ ဝင်ရောက်လိုက်ကြသည်။

လုယိ အံ့သြသွားသည်။

'သူတို့ကိုကြည့်ရတာ တိုက်ပွဲဝင်ကြတော့မယ့် ပုံသဏ္ဌာန်ပဲ၊ မိုးကြယ်ဂိုဏ်းက လူတွေများလား'

ဟု တွေးလိုက်မိလေသည်။

သို့သော်....

ထိုလူများသည် မိုးကြယ်ဂိုဏ်းမှလူများ၏ ဝတ်စား ဆင်ယင်ပုံနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားနေသည်ကို တွေ့ရသည်။



လုယိ ပိုပြီးစိတ်ဝင်စားသွားသည်။

'မိုးကြယ်ဂိုဏ်းကလူတွေမဟုတ်ရင် သူတို့က ဘယ်သူတွေလဲ'

'မြောက်ပိုင်းတန်ဆောင်ဂိုဏ်းကလား၊ ဒါဆို ချင်းဟန် တစ်ယောက်တည်း ဘာကြောင့်မလာတာလဲ'

တွေးရင်း တွေးရင်း သူ့အတွက် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ဆင်ခြင်မိလိုက်လေသည်။

လုယိ မနေနိုင်တော့ပါ။

တောအုပ်ထဲမှထွက်ဖို့ ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ရပ်လိုက်'

ဟန့်တားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပြေးလွှားလာသော ခြေသံများလည်း ကြားလိုက်ရသေးသည်။

လုယိ ခြေလှမ်းရပ်လိုက်ရလေသည်။

ပြေးလာကြသူများသည် လုယိအား ချက်ချင်းဝိုင်းမိသွားကြလေသည်။

လုယိက မကျေမနပ်ဖြင့်....

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဒါက ဘာသဘောလဲ'

ဟု မေးလိုက်လေသည်။

ချင်းဟန်က ရှေ့သို့လှမ်းထွက်လာပါသည်။

လုယိကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

'မင်းက လုယိ ဟုတ်လား'

ဟု မေးလာလေသည်။

လုယိက အဖြေမပေးဘဲ....

'ခင်ဗျားတို့က ဘယ်သူတွေလဲ'

ဟု ပြန်မေးသည်။

ချင်းဟန်က....

'ကျုပ်က ချင်းဟန်ပါ'

'ဩော်'

'မင်းက လုယိ မဟုတ်လား'



လုယိ သက်ပြင်းချလိုက်ပြီး....

'ဟုတ်တယ်'

ဟု အမှန်အတိုင်းပြောလိုက်သည်။

တစ်ဆက်တည်းပင် မကျေမနပ်ဖြင့်....

'ခင်ဗျားကို တစ်ယောက်တည်းလာဖို့ ချိန်းလိုက်တာ ခင်ဗျားက ဘာကြောင့် လူစုလူဝေးနဲ့လာရတာလဲ'

ချင်းဟန်က....

'ကျုပ်က ဒီလိုမလုပ်ရင် မရတော့ဘူး၊ ပြဿနာပေါ်နေပြီ'

'ဘာပြဿနာလဲ'

'မြောက်ပိုင်းတန်ဆောင်ဂိုဏ်းက မိုးကြယ် ဂိုဏ်းချုပ်ကို လုပ်ကြံဖို့ ပြည်မက ကြေးစားလူသတ်သမားတစ်ယောက်ကို ငှားရမ်းလိုက်တယ်လို့ သတင်းကြီးနေတယ်'

'ဟင်'

ချင်းဟန်က....

'ဘာကြောင့် ဒီကိစ္စပေါက်ကြားသွားရသလဲ ဆိုတာ ကျုပ်တို့ဂိုဏ်းချုပ်ကသိချင်နေတယ်'

လုယိက မကျေမနပ်ဖြစ်သွားလေသည်။

'ဒါတော့ ကျုပ်လဲဘယ်သိပါ့မလဲဗျ'

ချင်းဟန်က....

'မင်းက မြောက်ပိုင်းကို ရောက်လာတာနဲ့ ကျုပ်တို့ကို မဆက်သွယ်ဘဲ မိုးကြယ်ဂိုဏ်းချုပ်ကို လုပ်ကြံဖို့ကြိုးစားခဲ့တယ် မဟုတ်လား'

'မဟုတ်ဘူး'

'မင်း မလိမ်နဲ့၊ မိုးကြယ်ဂိုဏ်းက တိတိကျကျ သတင်းရ နေပြီ၊ ကျုပ်တို့တန်ဆောင်ဂိုဏ်းအရှက်တကွဲဖြစ်ရတော့မယ်'

လုယိက ပါးစပ်ပိတ်ထားလိုက်လေသည်။

ချင်းဟန်က....

'တကယ်လို့ မင်းကို မိုးကြယ်ဂိုဏ်းက ဖမ်းမိသွားရင် ဘယ်လိုမှ ဖြေရှင်းလို့ရတော့မှာ မဟုတ်ဘူး'

လုယိက....



'ကျုပ်က ပြည်မကိုပြန်တော့မယ်'

ဟု ပြောလိုက်သည်။

ချင်းဟန် ခေါင်းခါယမ်းလိုက်သည်။

'ခုမှတော့ ပြန်လို့မရတော့ဘူး'

'ဘာဖြစ်လို့လဲ'

'မိုးကြယ်ဂိုဏ်းကလူတွေ မင်းကိုလိုက်ရှာနေပြီ'

လုယိက....

'ဒါဖြင့် ကျုပ်က....'

ချင်းဟန်က မျက်နှာထားတင်းတင်းဖြင့်....

'မင်းဟာ အားလုံးအတွက် မလိုအပ်တဲ့လူဖြစ်နေပြီ'

'ဗြဲဟ်'

လုယိသည် အခြေအနေကို သဘောပေါက်လိုက်လေသည်။

မိုးကြယ်ဂိုဏ်းသာမက မြောက်ပိုင်းတန်ဆောင်ဂိုဏ်းကပါ သူ့အား သုတ်သင်ရှင်းလင်းပစ်လိုနေကြပြီ မဟုတ်ပါလား။

လှုံယိက အံတင်းတင်းကြိတ်ရင်း....

'ခင်ဗျားတို့ ဘယ်လောက်များ တတ်နိုင်မလဲ၊ ကြည့်ကြသေးတာပေါ့'

ဟု ပြောလိုက်သည်။

'ခြွမ်း'

ခါးမှဓားကိုလည်း ဆွဲထုတ်လိုက်သည်။

ထိုစဉ်....

'အမယ်လေး'

အထိတ်တလန့် အော်ဟစ်သံထွက်ပေါ်လာ၏။

လှုံယိက အမှတ်မထင် လှမ်းကြည့်လိုက်သောအခါ ကဗျာရွတ်ဆိုခဲ့သော စာပေသမားလူငယ်မှာ လွတ်ခနဲ အော်ကာ ကြောက်ကြောက်လန့်လန့်ဖြင့် ချုံပုတ်တစ်ခုအတွင်းသို့ ဝင်ပုန်းလိုက်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*　　*　　*



ချင်းဟန်တို့လူစုသည် လှုံယိအား ဝိုင်းရံထားလိုက်ကြပြီဖြစ်သည်။

ချင်းဟန်သည် ကဗျာရွတ်ဆိုခဲ့သော လူငယ်ကြောင့် စိတ်ရှုပ်သွား၏။

သူတို့အကြောင်း သိနေသူရှိခြင်းသည် ကောင်းသောကိစ္စမဟုတ်ဟုနားလည်ထားလေသည်။

ထို့ကြောင့်....

သူ၏လူများအား ခေါင်းညိတ်ပြလိုက်သည်။

လူနှစ်ယောက်သည် ချက်ချင်းပြေးသွားပြီး ချုံပုတ်ထဲမှ လူငယ်ကို ဆွဲထုတ်လိုက်ကြလေသည်။

'ဟေ့ကောင် ထွက်စမ်း'

ဖုန်းစုရဲသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်လာလေသည်။

'ကျုပ်....ကျုပ်ကို ဒုက္ခမပေးကြပါနဲ့ဗျာ'

မြောက်ပိုင်းဘန်ဆောင်ဂိုဏ်းသား တစ်ယောက်က....

'မင်းဘယ်သူလဲ၊ ဒီမှာဘာလာလုပ်နေတာလဲ'

ဟု ဝေါက်လိုက်လေသည်။

လူငယ်က....

'ကျုပ်နာမည် ဖုန်းစုရဲ လို့ခေါ်ပါတယ်ဗျာ၊ ဒီနေရာက သာယာလှပတော့ ကဗျာလာစပ်နေတာပါ'

ဂိုဏ်းသားနှစ်ယောက်က ချင်းဟန်အား လှမ်းကြည့်လိုက်ကြ၏။

ချင်းဟန်က....

'ဒီကောင့်ကို ဖမ်းထားလိုက်၊ နောက်မှ ကြည့်ရှင်းမယ်'

ဟု ပြောကာ လုယိနှင့် ရင်ဆိုင်လိုက်လေသည်။

ဂိုဏ်းသားနှစ်ယောက်သည် ဖုန်းစုရဲအား ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ကာ ဖမ်းဆီးထားလိုက်ကြလေတော့သည်။

* * *

လုယိ အံ့တင်းတင်းကြိတ်လိုက်သည်။

'မြောက်ပိုင်း တန်ဆောင်ဂိုဏ်းဟာ ကြေးစား ငှားတယ်ဆိုတဲ့ ကိစ္စ မပေါ်ပေါက်ရလေအောင် ကျုပ်ကို နှုတ်ပိတ်ပစ်ချင်ကြတာပေါ့လေ၊ လွယ်လွယ်နဲ့တော့ ရမယ်မထင်နဲ့'



ဟုပြောကာ စတင်တိုက်ခိုက်လိုက်လေသည်။

'ဒီကောင့်ကို မလွှတ်စေနဲ့'

ချင်းဟန်က အမိန့်ပေးလိုက်သည်။

ဂိုဏ်းသားများသည် ဌာသံပေးကာ လုယိအား ဝိုင်းရံ တိုက်ခိုက်လိုက်ကြလေသည်။

ဓားလှံလက်နက် အချင်းချင်း ထိတွေ့သံများ တောအုပ်တွင်း၌ ဆူဆူညံညံသွားလေသည်။

'တိုက်ကြဟေ့'

'ယား'

ဌာသံပေးသံ၊ ကြုံးဝါးသံများလည်း ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းပင်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လုယိသည် မိုးကြယ်ဂိုဏ်း၏ လက်ချက်ကြောင့် အတွင်း ဒဏ်ရာထားသော်လည်း အပြင်းအထန် တိုက်ခိုက်နေ၏။

သူ၏လက်ချက်ကြောင့် ချင်းဟန်၏လူများ အထိနာသွားသည်။

ထို့အတူ....

လုယိ၏ခန္ဓာကိုယ်ပေါ်၌လည်း ဒဏ်ရာဒဏ်ချက်များ ရှိသွားလေသည်။

လုယိ ကြာသော် ဒယီးဒယိုင် ဖြစ်လာလေတော့သည်။

ချင်းဟန်က....

'မင်း ဘာတတ်နိုင်သေးသလဲ'

ဟု ကြုံးဝါးကာ ကိုယ်တိုင်ခုန်ဝင် တိုက်ခိုက်လာလေသည်။

လုယိက အံကြိတ်ကာ ရှိသမျှခွန်အားကို ထုတ်သုံးပြီး အကြောက်အကန် ပြန်လည်ရင်ဆိုင်လိုက်လေသည်။



သို့တိုင်....

ဒဏ်ရာရထားပြီး အတွင်းအား ယုတ်လျော့နေခြင်းကြောင့် ချင်းဟန် မယှဉ်နိုင်တော့ချေ။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

'အင့်....'

လုယိသည် မသဲမကွဲ ညည်းညူကာ မြေပေါ်လဲကျသွားလေတော့သည်။

* * *

တိုက်ပွဲပြီးဆုံးသွား၏။

လုယိ ရှုံးနိမ့်သွားပြီ ဖြစ်လေသည်။

'ဟား....ဟား....ဟား'

ချင်းဟန်က ဟားတိုက်ရယ်မောလိုက်လေသည်။

လုယီအား အနိုင်ရလိုက်ခြင်းသည် မြောက်ပိုင်းတန်ဆောင် ဂိုဏ်း၏ ဂုဏ်သိက္ခာကို ဆည်နိုင်သည်နှင့် အတူတူပင်မဟုတ်ပါ လား။

လုယီက မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

ကျောင်းစွာ မရပ်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်နေ၏။

ချင်းဟန်ကို ဒေါသတကြီး ကြည့်ရင်း....

'ခင်ဗျားတို့ဟာ လူကြီးလူကောင်းတွေ နာမည်ခံယူထား ပြီး ကောက်ကျစ်တဲ့အလုပ်ကို လုပ်တာပဲ'

ဟု ပြောလိုက်လေသည်။

ချင်းဟန်က....

'မင်းလို ကြေးစားတစ်ယောက်ကို ရှင်းပစ်လိုက်တော့ရော ဘယ်သူက အပြစ်ပြောမှာလဲ'

'ခင်ဗျား'

'မင်း သေဖို့သာ ပြင်ထားပါ'



ချင်းဟန်သည် ဂိုဏ်းသားတစ်ယောက်ထံမှ ဓားတစ်လက် ဆွဲယူကာ ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အမှယ်လေး'

အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ချင်းဟန် လှမ်းကြည့်လိုက်ရာ ဖုန်းစုရဲသည် ကြောက်လန့် တကြား အော်ဟစ်ရှုန်းကန်နေသည်ကို တွေ့မြင်လိုက်ရလေ သည်။

ချင်းဟန် ဒေါပွသွားသည်။

'ဒီကောင်ကို အရင်ရှင်းပစ်လိုက်စမ်း'

ဟု အော်ပြောလိုက်၏။

ဖုန်းစုရဲက....

'ခင်ဗျားတို့ မတရားမလုပ်နဲ့၊ ကျုပ်မှာ ဘာအပြစ်ရှိလို့ လဲ၊ ကျုပ်ကို လွှတ်ပေးပါ'

ပြောရင်း ရုန်းကန်နေသည်။

ချင်းဟန်က....

'မှင်းဘယ်သူပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး၊ မင်းဟာ ငါတို့ ဂိုဏ်းရဲ့ လုပ်ရပ်တွေကိုတွေ့မြင်သွားပြီ၊ ဒါကြောင့် သတင်း မပေါက်ကြားအောင် မင်းကိုနှုတ်ပိတ်ပစ်ရမှာပဲ'

'ခင်... ခင်ဗျားတို့ မဘရားမလုပ်နဲ့'

ဖုန်းစုရဲသည် သေရတော့မည်ကို သိသောအခါ အားကုန် ရုန်းထွက်လိုက်လေသည်။

ဤတွင်....

'ဝုန်း....'

ဖုန်းစုရဲနှင့်အတူ ချုပ်ကိုင်ထားသူနှစ်ယောက်ပါ လုံထွေး ကာ မြေပေါ်သို့ လဲကျသွားကြလေသည်။

ဖုန်းစုရဲက ချက်ချင်းလူးလိမ့်ထကာ ထွက်ပြေးရန် ကြိုး စား၏။

ချင်းဟန်က....

'ဒီကောင့်ကို မလွတ်စေနဲ့'

ဟု အော်ပြောလိုက်သည်။



ဂိုဏ်းသား တစ်ယောက်က....

'မပြေးနဲ့'

ကြိမ်းမောင်းရင်း ပြေးလိုက်သွားကာ ဓားဖြင့်ခုတ်ချ လိုက်လေသည်။

ရုတ်တရက်....

ဖုန်းစုရဲ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားသည်။

နောက်လှည့်ကာ ဓားဖြင့်ခုတ်ချလာသူနှင့် ရင်ဆိုင်လိုက် ၏။

ထိုလူ၏ ဓားခုတ်ချက်ကို အသာအယာ ရှောင်တိမ်းကာ ဓားကို လုယူလိုက်၏။

ထို့နောက် ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

'ဝုန်း'

ဓားဖြင့်ခုတ်ရန် ကြိုးစားခဲ့သူမှာ အဝေးသို့ လွင့်စဉ်သွား လေတော့သည်။

*   *   *

'ဟင်....'

'ဟာ....'

တအံ့တဩ ရေရွတ်သံများ ထွက်ပေါ်လာလေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် အားလုံး အံ့ဩသွားကြခြင်း ဖြစ်လေသည်။

စာပေသမားလေး ဖုန်းစုရဲသည် မြောက်ပိုင်းတန်ဆောင်ဂိုဏ်းမှ သိုင်းသမားတစ်ယောက်အား တိုက်ခိုက်အနိုင်ယူလိုက်ပြီ မဟုတ်ပါလား။

ချင်းဟန် ဒေါပွသွားလေသည်။

'ဟေ့ကောင်တွေ....ဘာလုပ်နေကြတာလဲ၊ ဆုံးမလိုက်ကြတော့လား'

ဟု အော်ပြောလိုက်လေသည်။

ထိုအခါမှ ဂိုဏ်းသားများ သတိဝင်လာကြပြီး....

'ယား...'

ဩသံပေးကာ ဖုန်းစုရဲထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။



ဖုန်းစုရဲသည် အော်ဟစ်တောင်းပန်ခြင်း၊ ကြောက်ရွံ့ခြင်းမျိုး ရှိမနေတော့ပါချေ။

သူ၏ အသွင်သည် သိုင်းသမား တစ်ယောက်ကဲ့သို့ တည်တည်ငြိမ်ငြိမ် ရှိနေသည်။

သို့သော်....

သူ၏မျက်လုံးများကား ကြောင်တောင်ကန်း တစ်ယောက်အလား သူငယ်အိမ်သည် ရွေ့လျားခြင်း မရှိပေ။

ဂိုဏ်းသားများက ပြေးဝင်တိုက်ခိုက်လိုက်ကြသောအခါ ချက်ချင်းပင် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဖုန်းစုရဲ၏ သွက်လက်သော တိုက်ခိုက်မှုနှင့် ရင်ဆိုင်လိုက်ရသောအခါ....

'ဝုန်း....'

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ချင်းဟန်၏ လူများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွား၏။

အချို့ကား အဝေးသို့ လွင့်စဉ်သွားကြသည်။

အချို့မှာ ကြောက်ရွံ့ကာ နောက်ဆုတ် သွားကြလေတော့သည်။

ချင်းဟန် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

မြောက်ပိုင်း တန်ဆောင်ဂိုဏ်းအတွက် မရှုမလှ အထိနာခြင်းမျိုးနှင့် ကြုံတွေ့လိုက်ရသည် မဟုတ်ပါလား။

'တောက်....သိကြသေးတာပေါ့ကွာ'

ဒေါသတကြီး ကြုံးဝါးကာ ကိုယ်တိုင် ပြေးဝင်တိုက်ခိုက်လိုက်၏။

ချင်းဟန်သည် အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

သူ၏ တိုက်ကွက်များမှာ ပညာသားပါလှသည်။

ချင်းဟန်သည် လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်ရန် ဟန်ပြပြီး ရုတ်တရက် လေထဲသို့ခုန်တက်ကာ ခြေထောက်နှစ်



ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လုယိ ခေါင်းခါယမ်းလိုက်သည်။

ချင်းဟန်၏တိုက်ကွက်ကို ဖုန်းစုရဲ မည်သည့်နည်းနှင့်မျှ ခုခံနိုင်မည်မဟုတ်ဟု ယုံကြည်မိလေသည်။

ဖုန်းစုရဲသည် ဦးစွာပထမ သုတ်သင်ခံရမည်ဖြစ်ပြီး မိမိလည်း မကြာမီ သုတ်သင်ခံရတော့မည်ဟု တွေးမိသည်။

ချင်းဟန်နှင့်ဖုန်းစုရဲတို့၏ တိုက်ပွဲကို မျက်တောင်မခတ် ကြည့်နေမိလေတော့သည်။

ချင်းဟန်က အထက်စီးယူကာ တိုက်ခိုက်လိုက်သည်နှင့်....

'ယား....'

ဖုန်းစုရဲက ငြာသံပေးကာ လေထဲခုန်တက်လိုက်သည်။

ထို့နောက်....

ချင်းဟန်ထံသို့တိုးဝင်ကာ ချင်းဟန်၏ ခြေထောက်ကန်ချက်ကို ခန္ဓာကိုယ်တွန့်လိမ်ကာ ရှောင်တိမ်းလိုက်ပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

လေပေါ်တွင် ပျံ့ဝဲတိုက်ခိုက်ကြရသည်မှာ မြေပေါ်မှာကဲ့သို့ မဟုတ်ဘဲ အထိုးအခုတ် အသွင်း၊ အနုတ်၊ အရှောင်အတိမ်း ခဲယဉ်းလှသည်။

ချင်းဟန်သည် ထူးခြားလှသော ဖုန်းစုရဲ့၏ တိုက်ကွက်ကြောင့် ထိတ်လန့်သွား၏။

မြေပေါ်သို့ ကပျာကယာခုန်ဆင်းကာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

ဖုန်းစုရဲ၏တိုက်ကွက်မှာ အလွန်လျင်မြန်လှသဖြင့် မည်သို့မျှ ရှောင်တိမ်းခြင်းမပြုနိုင်တော့ဘဲ....

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ချင်းဟန်မှာ ဖုန်းစုရဲ့၏လက်ဝါးရိုက်ချက်ကို ခံလိုက်ရပြီး စူးရှသောအော်ဟစ်သံနှင့်အတူ မြေပေါ် ပြုတ်ကျလာလေတော့သည်။

* * *



'ဟာ'

လုယိ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ချင်းဟန်သည် မြေပေါ်တွင်လဲ့ကျကာ မလှုပ်မယှက်ဖြစ်နေသည်မဟုတ်ပါလား။

မြောက်ပိုင်း တန်ဆောင်ဂိုဏ်းသားများ အထိတ်တလန့်ဖြစ်သွားကြသည်။

ချင်းဟန် ကိုယ်တိုင်ခံလိုက်ရသည်ဖြစ်ရာ မနေဝံ့ကြတော့ဘဲ....

'ပြေး....ပြေး'

တစ်ယောက်က အော်ဟစ်ပြောလိုက်လျှင်အားလုံးကြောက်လန့်တကြားဖြင့် ထွက်ပြေးသွားကြတော့သည်။

တစ်ခဏအတွင်းမှာပင် ဝန်းကျင်တစ်ခုလုံး ရှင်းရှင်းလင်းလင်းဖြစ်သွားလေတော့သည်။

ဖုန်းစုရဲက မြေပေါ်ခုန်ဆင်းလာသည်။

ချင်းဟန်အား သူ၏လူများက ထမ်းပိုးသယ်ဆောင်သွားကြပြီဖြစ်လေသည်။

ယခု....

မြေကွက်လပ်တွင် ဖုန်းစုရဲနှင့် လုယိတို့နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

လုယိသည် ဖုန်းစုရဲကို မယုံကြည်နိုင်စွာကြည့်ရင်း....

'မင်း....မင်းက သုဝေနဲ့ဘယ်လိုပတ်သက်နေသလဲ'

ဟု မေးလိုက်လေသည်။

ဖုန်းစုရဲက....

'သုဝေ ဟုတ်လား'

'ဟုတ်တယ်'

'ကျုပ် မသိဘူး'

'မင်း လိမ်ပြောတာ'

'ဗျာ....ကျုပ် လိမ်ပြောတာ'

'ဟုတ်တယ်၊ မင်း လိမ်နေတာ'

ဖုန်းစုရဲ ခေါင်းခါယမ်းလိုက်သည်။



'ခင်ဗျား မှားနေပြီ'

လုယိက....

'ကျုပ် မမှားဘူး၊ မင်းဟာ သုဝေနဲ့ပတ်သက်နေတယ်ဆိုတာ ကျုပ်သိတယ်'

ဖုန်းစုရဲက....

'ခင်ဗျား ပြောတဲ့ သုဝေဆိုတာကို ကျုပ် လုံးဝ မသိဘူးဗျ'

လုယိက....

'ဒါဖြင့် သုဝေ စပ်တဲ့ကဗျာကို မင်း ဘာကြောင့် ရနေတာလဲ'

'ဗျာ'

'မင်း စောစောက ရွတ်ဆိုခဲ့တဲ့ ကဗျာလေ'

ဖုန်းစုရဲက....

'အဲဒါ ကျုပ်စပ်ထားတဲ့ ကဗျာဗျ'

'မင်း မလိမ်နဲ့'

'ခက်ပါလား၊ ကျုပ်ဟာ လာမယ့်နှစ်မှာ ကျင်းပမယ့် နေပြည်တော်က စာပြန်ပွဲမှာ ဝင်ရောက်ဖြေဆိုဖို့ တေးကဗျာ လင်္ကာတွေကို လေ့လာရေးစပ် သီကုံးနေတာဗျ၊ အဲဒါ ကျုပ်ကိုယ်တိုင်ရေးစပ်ထားတဲ့ ကဗျာပဲ'

လုယိ တွေဝေသွားလေသည်။

အမှန်တော့....

ဖုန်းစုရဲသည် စာပေသမားတစ်ယောက်အသွင်ရှိလေသည်။

တေးကဗျာ လင်္ကာစပ်ဆိုသည်ဟုဆိုလျှင် လိုက်လျောသည် ထွေရှိသည်ဆိုနိုင်၏။

သုဝေက ကြေးစားတစ်ယောက်ဖြစ်သည်။

သုဝေက တေးကဗျာစပ်ဆိုသည်မှာ သဘာဝမကျပါ။

စာပေပညာ မတောက်တစ်ခေါက်မျှသာတတ်သော သုဝေသည် လက်ရာမြောက်လှသော ကဗျာတစ်ပုဒ်ကို မည်သည့်နည်းနှင့်မျှ စပ်ဆိုနိုင်စွမ်းရှိမည် မဟုတ်ပေ။

ဖုန်းစုရဲစပ်ဆိုထားသောကဗျာကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ရရှိခဲ့ခြင်းသာဖြစ်ပေလိမ့်မည်။

လုယိက သက်ပြင်းချလိုက်ပြီး....



'ကဗျာကို မင်းက စပ်ဆိုတယ်ပဲထားပါဦး၊ မင်းက သုဝေရဲ့ လောင်မီးလက်ဝါးသိုင်းကွက်ကို ဘယ်လိုလုပ်တတ်မြောက်နေတာလဲ'

ဟု မေးလိုက်လေသည်။

'ဗျာ'

ဖုန်းစုရဲ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

လုယိကို မျက်လုံးပြူး၍ကြည့်ကာ....

'လောင်မီးလက်ဝါးသိုင်းကွက်ဟုတ်လား'

ဟု မေးလာသည်။

လုယိက....

'ဟုတ်တယ်၊ အဲဒီလက်ဝါးသိုင်းကွက်ကို သုဝေ တစ်ယောက်တည်းသာ အသုံးပြုတတ်တယ်၊ တခြား ဘယ်သူမှ မသုံးနိုင်ဘူး၊ သုဝေဟာ လောင်မီးလက်ဝါး သိုင်းကွက်နဲ့ နာမည်ကျော်ခဲ့တာပဲ'

ဖုန်းစုရဲက....

'ခင်ဗျားပြောတဲ့စကား ကျုပ် နားမလည်နိုင်တော့ဘူးဗျ'

လုယိက....

'မင်းက တမင်မသိချင်ဟန် ဆောင်နေတာပါ၊ သုဝေရဲ့ လက်ဝါးသိုင်းကွက်ကို မင်းလဲတတ်ထားတယ်ဆိုတော့ မင်းတို့ နှစ်ယောက်ဟာ ပတ်သက်ဆက်နွယ်မှုရှိရမယ်ဆိုတာ ထင်ရှား နေတာပဲ'

ဖုန်းစုရဲ့က....

'ခင်ဗျားက ကျုပ်ကိုမယုံသလို ကျုပ်ကလဲ ဘာတွေဖြစ် နေတယ်ဆိုတာ မပြောတတ်အောင်ဘဲဗျ'

လုယိက အမှန်ပင် မယုံပါချေ။

သုဝေသည် ကြေးစားဖြစ်၍ တက်မြက်သော သိုင်းပညာ ရှိသည်မှာ သဘာဝကျပေသည်။

ဖုန်းစုရဲ့ကား စာပေသမားတစ်ယောက် ဖြစ်ပေသည်။

ဖုန်းစုရဲ့နှင့် ကြောက်စရာကောင်းသော လောင်မီးလက် ဝါးသိုင်းသည် မည်သို့မျှ ဆက်စပ်၍ မရနိုင်ပေ။

သုဝေနှင့် ဖုန်းစုရဲ့တို့၏ ပတ်သက်နေပုံမှာ ထူးခြားလှ သည်။

ထိုစဉ် ဖုန်းစုရဲ့၏ စကားသံ ထွက်ပေါ်လာလေသည်။



'ကျုပ်က စာပေသမားတစ်ယောက်ပါဗျာ၊ သိုင်းပညာ ကို လုံးဝသင်ခဲ့ဖူးတာ မဟုတ်ပါဘူး'

လုယိက....

'သိုင်းပညာ မသင်ဖူးဘူးဆိုရင် မင်းက ဘာကြောင့် သုဝေ၏ လောင်မီးလက်ဝါးသိုင်းကို တတ်နေရတာလဲ'

ဖုန်းစုရဲ့က....

'ကျုပ်မပြောတတ်ဘူး'

လုယိက....

'မင်းမပြောတတ်တာ မဟုတ်ဘူး၊ လိမ်နေတာ'

'ကျုပ်ဘာကြောင့် လိမ်ပြောရမှာလဲဗျ'

ဖုန်းစုရဲ့ မကျေမနပ် ဖြစ်သွားလေသည်။

လုယိက....

'မင်းမလိမ်ရင် လောင်မီးလက်ဝါးသိုင်း တတ်ထားတဲ့ သုဝေနဲ့ ပတ်သက်နေတယ်ဆိုတာ ဝန်ခံရမှာပေါ့'

ဖုန်းစုရဲ့က....

'ကျုပ် ဘာမှမသိဘူးဗျ'

လုယိက....

'ထားပါတော့လေ၊ မင်းသိတာ မသိတာ အသာထား၊ မင်းက သူတို့ကိုတိုက်ခိုက်လိုက်တော့ သူတို့က မင်းကို ချိမ်းသာပေးကြတော့မှာ မဟုတ်ဘူး'

ထိုစကားကြားလျှင် ဖုန်းစုရဲ ထိတ်လန့်သွားလေတော့သည်။

'ဒုက္ခပဲ'

ဟု ညည်းတွားလိုက်၏။

လုယိက....

'ကျုပ်က မြောက်ပိုင်းကို ရောက်လာတာ ပြိုင်ဘက်ဖြစ်နေတဲ့ ဂိုဏ်းနှစ်ဂိုဏ်းရဲ့ ပြဿနာကြောင့်ပဲ၊ ခုတော့ နှစ်ဂိုဏ်းစလုံးက ကျုပ်ကို နှုတ်ပိတ်ပစ်ဖို့ ကြိုးစားနေကြပြီ၊ ဒီကြားထဲမှာ မင်းက အဆစ်ပါလာတာပေါ့'

ဖုန်းစုရဲက....

'ကျုပ်မပါဘူး....ကျုပ်မပါဘူး'



ဟု အကြောက်အကန် ပြောလေသည်။

လုယိက....

'မင်းက တိုက်ခိုက်ပြီးမှ မပါဘဲနေချင်လို့ မရတော့ဘူး'

ဖုန်းစုရဲက....

'ကျုပ်က....'

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

ထို့နောက်....

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

* * *

## အတူတကွ

---

လေငြှေ့ယမ်း တိုက်ခတ်လာလေသည်။

သစ်ရွက်ကလေးများ ကြွေကျလာသည်။

မွှေးကြိုင်သော ပန်းရနံ့များလည်း လွင့်ပျံ့လာသည်။

ကျေးငှက်ကလေး တစ်ကောင်သည် ဘာသာဘာဝတေး
ကို သီကြွေးရင်း အဝေးသို့ ပျံသန်းသွားလေသည်။

ဖုန်းစုရဲ၏ ငိုရှိုက်သံ တဖြည်းဖြည်း တိမ်ဝင်သွားကာ
နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

လုယိက ငေးကြည့်နေ၏။

ဖုန်းစုရဲကို မည်သို့မျှ နားမလည်နိုင်ပါတော့ချေ။

သုဝေသည် မျက်ရည်ကျမည့် လူစားမျိုး မဟုတ်ပါ။



အသက်သေရမည့်ဆိုလျှင်ပင် တစ်ချက်ကလေး နောက်
တွန့်မည့်သူ မဟုတ်ပေ။

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း စသော ခံစားချက်များ
ရှိသူလည်း မဟုတ်ပါ။

လူတစ်ယောက်ဖြစ်သော်လည်း အသည်းနှလုံး ကင်းမဲ့သူ
ဖြစ်ပေတော့သည်။

ဖုန်းစုရဲကား သုဝေနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ
ပါသည်။

ဖုန်းစုရဲသည် အလွန်နူးညံ့ပျော့ပျောင်းသူ ဖြစ်သည်။

စိတ်ထိခိုက်လွယ်သည်။ ကြောက်တတ်သည်။

သုဝေက ကျားရဲတစ်ကောင်ဆိုလျှင် ဖုန်းစုရဲက ယုန်
သူငယ် ဖြစ်ရပေမည်။

သို့သော် သူတို့နှစ်ယောက်၏ ဆက်နွယ်နေပုံများ အံ့ဩ
စရာ ကောင်းလှပေတော့သည်။

လုယိက ဖုန်းစုရဲကို အတန်ကြာစိုက်ကြည့်လိုက်ပြီးလျှင်....

'မင်းက ယောကျ်ားမဟုတ်လား၊ ဘာကြောင့်မျက်ရည်
ကျနေရတာလဲ၊ မရှက်ဘူးလား'

ဟု ခေါက်လိုက်လေသည်။

ဖိုန်းစုရဲက....

'ကျုပ်က ဝမ်းနည်းလို့ငိုတာ ဘာဖြစ်သလဲဗျ'

လုယိက....

'နေစမ်းပါဦး၊ မင်းက ဘာတွေ ဝမ်းနည်းနေတာလဲ၊ ပြောစမ်းပါဦး'

'ဘာဗျ'

'မင်းပဲ ဝမ်းနည်းလို့ ငိုရတယ်ဆို'

ဖုန်းစုရဲက....

'ဟုတ်တယ်၊ ကျုပ်က တစ်သက်လုံး ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် လုပ်ခဲ့ဖူးတာ မဟုတ်ဘူး၊ ဘယ်သူနဲ့မှလဲ ခိုက်ရန်ဖြစ်ပွားခဲ့တာ မဟုတ်ဘူး၊ ခုတော့....'

လုယိက....

'မင်းက သူတို့ကို စော်ကားတာမှ မဟုတ်ဘဲ၊ သူတို့က မင်းကို သတ်မယ်ဖြတ်မယ်လုပ်လို့ မင်းက ခုခံလိုက်ရတာပဲ မဟုတ်လား'



သူသည် ပထမဆုံးအကြိမ်အဖြစ် လူတစ်ဖက်သားအပေါ် ညှာတာသော စကားကို ဆိုလိုက်မိလေသည်။

ဖုန်းစုရဲက....

'ကျုပ်က ဘာကြောင့် ခုခံမိသလဲဆိုတာတောင် မပြောတတ်ဘူး'

လုယိက....

'မခုခံဘဲနေရင် မင်းသေသွားမှာပေါ့'

ဖုန်းစုရဲက....

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲကွ'

'ကျုပ်ကဲ....ကျုပ်က....'

ဖုန်းစုရဲသည် စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်ကာ ဆက်မပြောနိုင်အောင် ဖြစ်နေ၏။

လုယိ မကျေမနပ်ဖြစ်သွားလေသည်။

'အသုံးမကျတဲ့ကောင်'

ဟု အော်ငေါက်လိုက်သည်။

ဖုန်းစုရဲက....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သေသွားဖို့ ကောင်းတာပါ'

'ဘာကွ'

'ကျုပ်....ကျုပ်ဟာ သူတို့ရဲ့တိုက်ခိုက်မှုကြောင့် သေသွားရမယ့်လူပါ၊ ခု....ခုတော့ ဘယ်က ဘယ်လိုဖြန့်ပြီး တိုက်ခိုက်လိုက်မိတယ် မပြောနိုင်တော့ပါဘူး'

လုယိက....

'ကြောက်စရာကောင်းတဲ့ လောင်မီး လက်ဝါးသိုင်းကို အသုံးပြုပြီး တိုက်ခိုက်ခဲ့တာတောင် ဘယ်ကဘယ်လို တိုက်ခိုက်မိတယ် မသိဘူးလို့ ပြောနေရသေးတယ်'

ဖုန်းစုရဲ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် တကယ်မသိတာပါဗျာ'

လုယိက....

'သြော်....မင်းက သိုင်းမတတ်ဘူးပေါ့'

'ဟုတ်ပါတယ်'

'သုဝေနဲ့လဲ မပတ်သက်ဘူးပေါ့'

'နာမည်တောင် မကြားဖူးပါဘူးဗျာ'

လုယိ ဒေါပွသွားလေသည်။



'ဒီလောက်တောင်ဖြစ်လှတာ သိကြသေးတာပေါ့'

ဟု ကြုံးဝါးလိုက်သည်။

ဖုန်းစုရဲအနီးသို့ ချဉ်းကပ်သွားပြီး ပါးရိုက်ချလိုက်လေသည်။

'ဖြန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ဖုန်းစုရဲ၏ ပါးပြင်တစ်ဖက်မှာ နီရဲသွားလေတော့သည်။

'ဟင်....ခင်....ခင်ဗျား'

ဖုန်းစုရဲ အထိတ်တလန့်ဖြစ်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်သည်။

နာကျင်သွားသော ပါးပြင်ကို လက်ဝါးဖြင့်ပွတ်ရင်း....

'ခင်....ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ'

ဟု ပြောလေသည်။

လုယိက....

'မင်းကို သတ်မလို့လေ'

'ဗျာ....'

'မင်းကို သတ်မလို့'

'ကျုပ်....ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျ'

ဖုန်းစုရဲက မျက်နှာငယ်ကလေးဖြင့် ပြောလေသည်။

လုယိက....

'အပြစ်ရှိတာမရှိတာ ငါနားမလည်ဘူး၊ မင်းကိုသတ်ပစ်ရမှာပဲ'

'ဟာ...မလုပ်ပါနဲ့ဗျာ'

'မရဘူး၊ မင်းက မသေချင်ဘူးဆိုရင် မင်းတတ်ထားတဲ့ လောင်မီးလက်ဝါးသိုင်းကို ထုတ်ဖော်ပြီး ငါ့ကိုရင်ဆိုင်ပေရတော့'

လုယိသည် စကားဆုံးလျှင် ဖုန်းစုရဲကို ထိုးကြိတ် ကန်ကျောက်လိုက်လေသည်။

သူကိုယ်တိုင် ဒဏ်ရာရရှိထားသဖြင့် သူ၏ ထိုးကြိတ် ကန်ကျောက်မှုများသည် အားမာန်မပါလှချေ။

သို့တိုင်....

'အမယ်လေးဗျာ'

'သေပါပြီဗျ'

'အား....'

ဖုန်းစုရဲမှာ နာကျင်စွာ အော်ဟစ်ကာ မြေပေါ်လူးလိမ့်နေတော့သည်။



လုယိက....

'မင်းက လောင်မီးလက်ဝါးသိုင်းကို အသုံးပြုလေကွာ၊ ဘာဖြစ်လို့ အသုံးမပြုတာလဲ'

ဟု ဝေါက်လိုက်သည်။

ဖုန်းစုရဲက....

'ကျုပ်...ကျုပ် အသုံးမပြုတတ်ဘူး'

'ဘာကွ'

'ကျုပ်က သိုင်းသမားမှ မဟုတ်တဲ့ဗျာ'

'ဒါဖြင့် မြောက်ပိုင်း တန်ဆောင်ဂိုဏ်းကလူတွေကို ဘာဖြစ်လို့ တိုက်ခိုက်နိုင်ခဲ့ရတာလဲ'

'ကျုပ်မသိဘူး'

'မင်း သေချင်လို့လား'

'အမယ်လေး....ကျုပ်ကို မသတ်ပါနဲ့'

ဖုန်းစုရဲသည် လက်နှစ်ဖက်ကာယှက်ရင်း ကြောက်လန့်တကြား တောင်းပန်နေလေတော့သည်။

လုယိသည် ဖုန်းစုရဲကိုကြည့်ကာ မျက်မှောင်ကြုတ်သွားသည်။

'လာစမ်း'

ဖုန်းစုရဲ၏လက်မောင်းကို ဆောင့်ဆွဲလိုက်ရင်း....

'အမယ်လေးဗျ'

ဖုန်းစုရဲသည် သူရဲဘောကြောင်သူ တစ်ယောက်ပမာ အော်ဟစ်နေ၏။

လုယိက....

'မင်းက တကယ်ပဲ သိုင်းပညာမတတ်ဘူး ဟုတ်လား'

ဖုန်းစုရဲက....

'မ....မတတ်ပါဘူးဗျာ'

လုယိက....

'သုဝေနဲ့လဲ မပတ်သက်ဘူး ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

လုယိက....

'ကောင်းပြီ၊ မင်းက သိုင်းပညာလဲတတ်တယ်၊ သုဝေနဲ့လဲ ပတ်သက်နေတယ်ဆိုရင် မင်းကိုဘာလုပ်ရမလဲ'

ဖုန်းစုရဲက....

'ကျုပ်....ကျုပ်ကို ကြိုက်သလိုလုပ်ပါဗျာ'

လုယိက....



'အေး....မင်းစကားကို မင်းမှတ်ထား၊ မင်းနဲ့ငါ မကြာခင် ပြန်တွေ့....'

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

အကြောင်းမှာ....

ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

လုယိ ရင်ထိတ်သွားသည်။

လှမ်းကြည့်လိုက်သောအခါ လူတစ်စု ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူစုမှာ မိုးကြယ်ဂိုဏ်းမှလူများ ဖြစ်နေပါတော့သည်။

လုယိက....

'မြန်မြန်ပြေး'

ဟု အော်ပြောကာ ထွက်ပြေးသွား၏။

'အမယ်လေး'

ဖုန်းစုရဲသည်လည်း အထိတ်တလန့်အော်ကာ ထွက်ပြေးသွားသည်။

သို့ဖြင့် သူတို့နှစ်ယောက် လူချင်းကွဲသွားကြလေတော့သည်။

* * *

လုယိက ထွက်ပြေးသွားလေသည်။

ဖုန်းစုရဲနှင့် လူချင်းကွဲသွားပြီး ဖုန်းစုရဲလည်း ဂရုမစိုက်နိုင်တော့ချေ။

မိုးကြယ်ဂိုဏ်းမှ လူများသည် သူ့အား ဖမ်းမိသွားလျှင် ရှတ်တရက် သတ်ပစ်ကြမည် မဟုတ်ဘဲ ကောင်းကောင်းကြီး နှိပ်စက်ကြမည်။

ပြီးလျှင် မြောက်ပိုင်း တန်ဆောင်ဂိုဏ်း၏ လုပ်ရပ်ကို ထုတ်ဖော်ဝန်ခံခိုင်းမည်။

ထို့နောက်မှ အဆုံးစီရင်ပစ်ကြလိမ့်မည်ဟု နားလည်ထားလေသည်။

မိုးကြယ်ဂိုဏ်းမှ လူများနှင့် ရင်ဆိုင်ဖို့လည်း မဖြစ်နိုင်တော့ပါ။

သူက ဒဏ်ရာရရှိထားသည် မဟုတ်ပါလား။

'မပြေးနဲ့'

'မလွတ်စေနဲ့'

'ဝိုင်းထား'

ခြောသံပေးသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

မိုးကြယ်ဂိုဏ်းသားများသည် ဖုန်းစုရဲ၏နောက်သို့ လည်းကောင်း၊ လုယိ၏နောက်သို့လည်းကောင်း တရကြမ်း လိုက်ကြလေသည်။



လုယိသည် ပြေးရင်း မောဟိုက်လာသည်။

တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စို့ရွှဲလာသည်။

ခြေကုန်လက်ပမ်း ကျလာပြီးနောက်ဆုံးရပ်တန့်လိုက်ရလေသည်။

သစ်ပင်တစ်ပင်ကို မှီကာရပ်ရင်း အသက်လုရှူရှိုက်ကာ အမောဖြေလိုက်ရလေသည်။

ထိုစဉ်....

'မင်း ဘယ်ပြေးမလဲ'

အော်ဟောက်သံများ ထွက်ပေါ်လာသည်။

မိုးကြယ်ဂိုဏ်းသားများ ရောက်ရှိလာပြီး လုယိအားဝိုင်းရံထားလိုက်ကြ၏။

လုယိ ဘာမှမတတ်နိုင်တော့ပါ။

မိုးကြယ်ဂိုဏ်းသားများကို ဦးဆောင်လာသူမှာ ရှဲ့ယိ ဖြစ်လေသည်။

ရှဲ့ယိက....

'ဘယ်လိုလဲ၊ မင်းပြေးလို့ မလွယ်တော့ဘူး မဟုတ်လား'

ဟု ဟောက်လိုက်လေသည်။

လုယိက....

'ခင်ဗျားတို့က လက်ဦးသွားတော့ ကျုပ်ခံလိုက်ရတာ မဆန်းပါဘူး'

ဟု ပြောလိုက်သည်။

ရှဲ့ယိက....

'မင်းက ငါ့ကို တိုက်ခိုက်သွားတဲ့အတွက် အကြွေးပြန်ဆပ်ရလိမ့်မယ် သတိသာ ထားပေတော့'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက် တိုးကာ တိုက်ခိုက်လိုက်လေသည်။

လုယိလည်း အံတင်းတင်းကြိတ်ကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ပထမအကြိမ်တွင် သူတို့ရင်ဆိုင်ခဲ့စဉ်က ရှဲ့ယိ အရေးနိမ့်ခဲ့၏။

ယခုတစ်ကြိမ်၌မူ....

လုယိသည် ဒဏ်ရာရထားသည်ဖြစ်ရာ ရှဲ့ယိကို မယှဉ်နိုင်တော့ဘဲ အရေးနိမ့်သွားလေတော့သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'စုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။



လုယိသည် ဗူးရှစ္စာ တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ်လဲကျသွားလေတော့သည်။

* * *

'ဟား....ဟား....ဟား'

ရှဲ့ယိက ဟားတိုက်ရယ်မောလိုက်လေသည်။

သူက လုယိအား ပြန်လည်အနိုင်ယူနိုင်လိုက်သဖြင့်ကျေနပ်သွားလေသည်။

မြေပေါ်လဲကျသွားသော လုယိကို ခြေထောက်ဖြင့် တစ်ချက် ကန်ကျောက်လိုက်ပြီးလျှင်....

'ခွေးကောင်၊ မင်း ဘာတတ်နိုင်သေးသလဲ'

ဟု ဟောက်လိုက်လေသည်။

လုယိက လူးလိမ့်ထလိုက်ပြီး....

'ကျုပ်သာ မိုးကြယ်ဂိုဏ်းချုပ်ကြောင့် ဒဏ်ရာရမထားဘူးဆိုရင် မင်းဘာမှတတ်နိုင်မှာ မဟုတ်ဘူး'

ဟု မကျေမနပ် ပြောလိုက်လေသည်။

ရှဲ့ယိက....

'ဩော်....ခုထိ မင်းက လေသံမာနေတုန်းပဲကိုး'

ဟု ငေါက်ကာ ရိုက်နှက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်....

'အား'

'အမယ်လေး'

'သေပါပြီဗျ'

အဝေးမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှဲ့ယီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

လုယီအား ရိုက်နှက်ခြင်းမပြုနိုင်တော့ဘဲအော်ဟစ်သံများ ထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

အော်ဟစ်သံများသည် ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာပြီးနောက် တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

ထို့နောက်....

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ် လာသည်။

ရော်ရွက်ကလေးများ ကြွေကျလာသည်။

ကျေးငှက်ကလေးများ၏ တေးဆိုသံများ ထွက်ပေါ်လာလေသည်။



ရှဲ့ယီမကျေမနပ် ဖြစ်သွားသည်။

စူးရှသော အော်ဟစ်သံများသည် မိုးကြယ်ဂိုဏ်းမှလူများ၏ အသံဖြစ်ကြောင်း ရှဲ့ယီ နားလည်ထားလေသည်။

ထို့ကြောင့်...

'မိုးကြယ်ဂိုဏ်းကလူတွေကို စော်ကားရဲတာနည်းတဲ့သတ္တိ မဟုတ်ဘူး'

ဟု ကြုံးဝါးလိုက်၏။

တစ်ဖန်....

'သွားကြည့်စမ်း'

ဟု လက်ဝှေ့ယမ်းပြကာ အမိန့်ပေးလိုက်လေသည်။

ထိုအခါ....

'ကောင်းပါပြီ ဆရာရှဲ့'

မိုးကြယ်ဂိုဏ်းသား သုံးယောက်သည် ချက်ချင်းပင် မြေးထွက်သွားကြလေသည်။

သုံးယောက်သား တောအုပ်အတွင်းသို့ ရောက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေသည်။

ရှဲ့ယီက သက်ပြင်းချလိုက်သည်။

လုယီဘက်သို့ လှည့်လိုက်လေသည်။

'မင်းသေဖို့သာ....'

ယခုတစ်ကြိမ်လည်း သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

တောအုပ်ထဲ ပြေးဝင်သွားသူ သုံးယောက်၏ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထို့နောက် ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ရှဲ့ယိ ဒေါပွသွားသည်။

'တောက်....'

ခံပြင်းစွာ တက်ခေါက်လိုက်ပြီးလျှင်....

'ဘယ်သူလဲ....သတ္တိရှိရင် ထွက်ခဲ့စမ်း'

ဟု အော်ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တောအုပ်ထဲမှလူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရ၏။

ထိုလူမှာ စာပေသမား ဖုန်းစုရဲပင်ဖြစ်လေသည်။

* * *



ဖုန်းစုရဲက တောအုပ်ထဲမှ လှမ်းထွက်လာလေသည်။

သူ၏လက်ထဲတွင် ဓားတစ်လက် ကိုင်ထား၏။

ဓားပေါ်တွင် သွေးများစွန်းထင်းပေကျံနေ၏။

မိုးကြယ်ဂိုဏ်းမှ သိုင်းသမားများကို တိုက်ခိုက်ခဲ့သူမှာ ဖုန်းစုရဲပင်ဖြစ်ကြောင်း သံသယဖြစ်စရာ မလိုတော့ပေ။

လုယိ ဝမ်းသာသွားလေသည်။

'ဖုန်းစုရဲ မြန်မြန်လာ....'

ဟု အော်ပြောလိုက်လေသည်။

ဖုန်းစုရဲက ဘာကိုမှကြားဟန် မတူပါချေ။

ခပ်တောင့်တောင့်ကြီးဖြင့် လျှောက်လှမ်းလာနေ၏။

သူ၏ မျက်လုံးများ ကြောင်တောင်တောင် ဖြစ်နေသည်။

သူ၏မျက်နှာသည် ခံစားချက် ကင်းမဲ့နေသည်။

အိပ်မက်မက်ကာ လမ်းထလျှောက်လာသူ တစ်ယောက်နှင့်တူလှပေတော့သည်။

ရှဲ့ယိက....

'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ဟု အော်ငေါက်ကာ လုယိကို ကန်ကျောက်လိုက်လေသည်။

'ဝုန်း....'

လုယီ အဝေးသို့ လွင့်စဉ်သွားလေသည်။

ရှဲယမ်က ဖုန်းစုရဲဘက်သို့လှည့်လိုက်ပြီး....

'မင်းက တယ်လဲ သတ္တိကောင်းပါလား'

ဟု ပြောလိုက်သည်။

ဖုန်းစုရဲက ဂရုမစိုက်ချေ။

ရှဲ့ယမ်က....

'မိုးကြယ်ဂိုဏ်းကို စော်ကားရင် ဘယ်လိုဖြစ်ရမယ်ဆိုတာ မင်းသိရမယ်'

ဟုကြုံးဝါးလိုက်၏။

'ဟေ့ ကောင်တွေ.... ဘာလုပ်နေကြတာလဲ၊ တိုက်ကြပါတော့လား'

ဟုလည်း အမိန့်ပေးလိုက်လေသည်။

ဤတွင်....

'ယား....'

'တိုက်ကြဟေ့'

'မသွတ်စေနဲ့'



မိုးကြယ်ဂိုဏ်းသားများက ငြသုံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ဖုန်းစုရဲကလည်း ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း....'

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိုးကြယ်ဂိုဏ်းသားများ ဖရိုဖရဲဖြစ်ကာ အရေးနိမ့်သွားကြလေတော့သည်။

* * *

ရှဲ့ယမ် ခံပြင်းသွားလေသည်။

မိုးကြယ်ဂိုဏ်းသားများ မရှုမလှ ခံလိုက်ရသည်ကို မယုံကြည်နိုင်အောင်ဖြစ်နေသည်။

ဖုန်းစုံရဲကိုကြည့်ကာ....

'မင်း... မင်း'

ဖုန်းစုံရဲက သူ့အား လုံးဝဂရုမစိုက်ချေ။

ရှဲ့ယဓိက....

'မင်း ဘယ်သူလဲ ပြောစမ်း'

ဟု မေးလိုက်သည်။

ဖုန်းစုံရဲသည် ဆွံ့အနားမကြားသူ တစ်ယောက်ပမာ ပြန်လည် ဖြေကြားခြင်းမပြုချေ။

ရှဲ့ယဓိ ဒေါသမထိန်းနိုင်တော့ပါ။

'မင်း ဘယ်သူပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ သေဖို့သာပြင်ထားပေတော့'

ဟု ကြုံးဝါးကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဓားနှစ်လက်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင်ပြင်းထန်၍နေလေသည်။

ဖုန်းစုံရဲကလည်း ဓားကိုဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။



ဖုန်းစုံရဲ၏ဓားသည် သူ၏တစ်ကိုယ်လုံးအား လွှမ်းခြုံထားသည့် ရှဲ့ယဓိ၏ဓားရိပ်များ ကြားမှ နဂါးတစ်ကောင်ပမာ ထိုးဖောက်ထွက်ပေါ်လာပြီး ရှဲ့ယဓိထံသို့ တိုးဝင်သွားလေသည်။

ဖုန်းစုံရဲ အသုံးပြုလိုက်သည့် ဓားကွက်ကိုမြင်လျှင် လှုံ့ယဓိ ထိတ်လန့်သွားပြီး....

'နဂါးမီးဓားသိုင်း'

ဟု လွှတ်ခနဲ အော်လိုက်လေသည်။

ထိုစဉ်....

'အား'

ရှဲ့ယဓိ၏ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

## ထူးထူးဆန်းဆန်း

တောင်ကုန်းပေါ်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထား
သော အိမ်ကလေးတစ်လုံးရှိနေသည်။

ထိုအိမ်ကလေးမှ မီးခိုးများတလူလူထွက်နေ၏။

လေသင့်သောအခါ မွှေးကြိုင်သောဟင်းနံ့များ ရှူရှိုက်
ရမည်ဖြစ်လေသည်။

မှန်ပေသည်။

သစ်လုံးအိမ်ကလေးသည် မီးဖိုဆောင်၌ ဖုန်းစုံရဲကဟင်း
ချက်နေ၏။

သူက ကြက်သားနှင့်အသီးအရွက်များကို ချက်ပြုတ်ကြော်
လှော်နေခြင်းဖြစ်လေသည်။



အိမ်ရှေ့တွင် ခုတင်တစ်လုံးရှိသည်။

ခုတင်ပေါ်၌ လုယိက လှဲလျောင်းနေလေသည်။

မကြာပါချေ။

ဖုန်းစုရဲသည် အငွေ့တထောင်းထောင်းထနေသော စား
သောက်စရာများကို ယူဆောင်ကာ လုယိထံသို့ ရောက်လာ
သည်။

လုယိ သောက်ဖို့ ဆေးတစ်ခွက်လည်း ကျိုချက်လာ၏။

'ကဲ....မိတ်ဆွေ၊ ဆေးကို အရင်သောက်ပါ၊ ပြီးမှ စား
စရာရှိတာ စားကြတာပေါ့'

ဟု ပြောလေသည်။

လုယိက သက်ပြင်းချလိုက်သည်။

'ကျုပ်က မင်းနဲ့တွေ့ရတာ အတော်ကိုကံကောင်းတာပဲ'

ဖုန်းစုရဲ ပြုံးလိုက်လေသည်။

'ကျုပ်လဲ ခင်ဗျားနဲ့တွေ့ရတာ ကံကောင်းတယ်လို့ ထင်
မိပါတယ်ဗျာ'

လုယိက....

'မင်း သေချာရဲ့လား'

'သေချာပါတယ်'

'နေဦး၊ ကျုပ်နဲ့တွေ့တာနဲ့ ပြဿနာနဲ့ ကြုံတွေ့ရတာပဲ မဟုတ်လား'

ဖုန်းစုရဲက ပခုံးတွန့်လိုက်သည်။

'ဒါတော့ ဘယ်တတ်နိုင်ပါမလဲဗျာ၊ ကံတရားပေါ့'

လုယိက...

'နေဦး....ကံကောင်းတယ်လို့ ဘာကြောင့် ပြောနိုင်ရတာလဲ'

ဟု မေးလိုက်လေသည်။

ဖုန်းစုရဲက....

'ကျုပ်က ဘာကြောင့် ခုလို ထူးဆန်းတဲ့အဖြစ်နဲ့ ကြုံတွေ့နေရတယ်ဆိုတာကို သိရနိုင်မှာမို့ လို့ပေါ့ဗျာ'

လုယိက....

'ထူးဆန်းတဲ့ဖြစ်ရပ် ဟုတ်လား'

'ဟုတ်တယ်'

'ဘာများလဲ'

'ကျုပ်က ဘာကြောင့် သိုင်းပညာ တတ်နေသလဲဆိုတာ ပြောပါ'

'ဟင်'



မမျော်လင့်သော စကား ကြားရလျှင် လုယိ ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

ဖုန်းစုရဲသည် မျက်နှာညိုးနေပါသည်။

လုယိနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး....

'ကျုပ်က ဘာကြောင့် သိုင်းပညာတတ်နေရတာလဲဗျာ'

ဟု မေးလာလေသည်။

လုယိက....

'မင်းကိုယ်မင်း မသိဘူးလား'

'ဟင့်အင်း'

'ဒါဖြင့် ကျုပ်က ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ'

ဖုန်းစုရဲက ခေါင်းကုတ်လိုက်လေသည်။

'ခက်တာပဲဗျာ'

လုယိက ဖုန်းစုရဲကို တစ်ချက်ကြည့်လိုက်သည်။

ပြီးလျှင် မည်သို့မျှသဘောမထားတော့ဘဲ ဆေးကို ယူသောက်လိုက်သည်။

ဆေးသောက်ပြီးလျှင် အစားအစာများကို စားသောက်လိုက်လေသည်။

ဖုန်းစုရဲကား စားသောက်နိုင်ခြင်းမရှိဘဲ ငိုင်နေသည်။

လုယိက....

'တယ်ကောင်းပါလား'

စားသောက်ဖွယ်ရာများ အရသာ ကောင်းမွန်လှသည်ကို ချီးကျူးရင်း အားရပါးရစားသောက်လိုက်လေသည်။

ဖုန်းစုရဲ၏လက်ရာသည် ထိပ်တန်း စားသောက်ဆိုင်ကြီးများမှ စားဖိုမှူးကြီးများ၏ လက်ရာထက်ပင် သာနေသည် မဟုတ်ပါလား။

ဖုန်းစုရဲက....

'ကျုပ်က ဟင်းချက်ရတာကို စာပေကဗျာလိုပဲ ဝါသနာပါပါတယ်ဗျ၊ ဒ့ါအပြင် ပန်းစိုက်ရတာရယ်၊ ကျေးငှက်လေးတွေ မွေးမြူရတာရယ်'

သူ၏စကားမဆုံးမီ လုယိက ကြားဖြတ် ပြောလိုက်လေသည်။

'မင်းက အရှုံးပဲ'

ဖုန်းစုရဲ သက်ပြင်းချလိုက်သည်။

'ဟုတ်တယ်၊ ခုတော့ ကျုပ်က အရှုံးကြီးတစ်ယောက်လို ဖြစ်နေပြီဗျ၊ ဟောဒီမှာ ကြည့်စမ်းပါဦး'

လက်ဝါးနှစ်ဖက်ကို ရှေ့သို့ဖြန့်ပြလိုက်လေသည်။

လုယိက....



'မင်းလက်တွေက ဘာဖြစ်လို့လဲ'

ဖုန်းစုရဲက....

'ကျုပ်လက်တွေ သွေးစွန်းခဲ့ပြီဗျ'

ပြောရင်း ငိုသံပါလာလေသည်။

ဖုန်းစုရဲ ဖြစ်ပျက်နေပုံကိုကြည့်ကာ....

'ဟား....ဟား....ဟား'

လုယိက ဟားတိုက်ရယ်မောလိုက်လေသည်။

ဖုန်းစုရဲက....

'ခင်ဗျားကတော့ ရယ်နိုင်တာပေါ့ဗျာ၊ ကျုပ်..ကျုပ်သာ....'

'မင်းက ဘာဖြစ်သလဲ'

'ကျုပ်က လူဆိုးကြီးဖြစ်နေပြီ'

လုယိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်း အသုံးပြုခဲ့တဲ့ လောင်မီးလက်ဝါးသိုင်းနဲ့ နဂါးမီးသိုင်းဟာ တကယ့်လူဆိုးကြီးသုဝေကိုယ်တိုင် တီထွင်ထားတဲ့ ထိပ်တန်းလူသတ်ပညာတွေပေါ့'

'ဘာဗျ'

ဖုန်းစုရဲ မျက်လုံးပြူးသွားလေသည်။

လုယိကို....

'မင်းက သုဝေနဲ့ပတ်သက်နေတယ်ဆိုတာ ငြင်းလို့မရပါဘူး၊ မင်းပြောချင်တာပြော၊ ငါတော့မယုံဘူး'

ဖုန်းစုရဲ့က....

'ခင်ဗျား မဟာရားမစွပ်စွဲနဲ့ဗျ'

ဟု အော်ပြောလိုက်လေသည်။

လုယိက....

'စွပ်စွဲတာမဟုတ်ဘူး၊ မှန်တဲ့အတိုင်း ပြောနေတာ'

ဖုန်းစုရဲ့က....

'ခင်ဗျားယုံအောင် ကျုပ်ဘယ်လိုပြောရမလဲ'

လုယိက....

'ကောင်းပြီ၊ မင်းက နားနဲ့ကြားရတာကို ယုံမလား၊ မျက်စိနဲ့မြင်ရတာကို ယုံမလား'

ဖုန်းစုရဲ့က....

'မျက်စိနဲ့မြင်ရတာကို ယုံမှာပေါ့'

လုယိက....

'ဟုတ်တယ်၊ မင်းက သိုင်းမတတ်ဘူး၊ သုဓဝနဲ့ မပတ်သက်ဘူးလို့ ပြောတယ်၊ ဒါပေမယ့် မင်းက သုဝေ ကိုယ်တိုင်



တီထွင်ထားတဲ့ သိုင်းကွက်တွေကို အသုံးပြုနိုင်တာ ကျုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပဲ၊ မိုးကြယ်ဂိုဏ်းက လူတွေရော မြောက်ပိုင်း တန်ဆောင်ဂိုဏ်းက လူတွေရော သက်သေခံသိမ့်မယ်၊ ကဲ...မင်းဘာဖြေချင်သေးသလဲ'

ဖုန်းစုရဲ့ ဘာမှ မပြောနိုင်တော့သဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

လုယိက....

'အမှန်အတိုင်း ဝန်ခံရရင် ငါနဲ့သုဝေတို့ဟာ ခေတ္တာဝေဟာရှင်ကြီးရဲ့ လက်အောက်မှာ အတူတူအမှုထမ်းနေကြတဲ့ ကြေးစားတွေ ဖြစ်ကြပေမယ့် သဘောထားချင်း တိုက်ဆိုင်တာ မဟုတ်ဘူး၊ အပြိုင်အဆိုင် ဖြစ်နေတာကွ၊ မင်းက သုဝေနဲ့ ပတ်သက်နေတော့ ငါက သဘောကျတာ မဟုတ်ဘူး၊ ဒါပေမဲ့ ငါ့ကိုမင်းက ကူညီခဲ့တော့ ဘာကိုမှသဘောမထားတော့ပါဘူး'

ဖုန်းစုရဲ့ ခေါင်းခါယမ်းလိုက်လေသည်။

'ခင်ဗျား မှားနေပြီ၊ ကျုပ်က သုဓဝနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဗျ'

လုယိက...

'မင်းက ခုထိ ငြင်းချင်တုန်းပဲလား၊ ဒါဖြင့် သုဓဝရဲ့ သိုင်းကွက်တွေကို မင်းဘာကြောင့် တတ်မြောက်ထားရတာလဲ'

ဖုန်းစုရဲ့က....

'ကျုပ်မသိဘူး၊ ဘာကြောင့်လဲဆိုတာ ရှင်းမပြတတ်ဘူး'

လုယိက....

'ကောင်းပြီ၊ ဒီအကြောင်းကို ထပ်မပြောတာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်'

ဖုန်းစုရဲ့က လက်ကာပြလိုက်လေသည်။

'နေပါဦးဗျာ'

လုယိက....

'မင်း ဘာပြောချင်လို့လဲ'

ဖုန်းစုရဲ့က....

'ကျုပ်က သုဝေဆိုတဲ့လူရဲ့ သိုင်းပညာကို တတ်မြောက်ထားတယ်လို့ ခင်ဗျားပြောတယ်နော်'

'ဟုတ်တယ်လေ'

'အဲ့ ဒီ သုဝေဆိုတဲ့လူက ဘယ်သူလဲ'

လုယိမျက်မှောင်ကြုတ်သွားပြီး....

'သုဝေဟာ သုဝေပေါ့'

ဟု ပြောလိုက်လေသည်။



ဖုန်းစုရဲ့က....

'ခင်ဗျားက သူ့အကြောင်းကိုသိရင် ပြောပြပါလားဗျာ'

လုယိက....

'မင်းက ငါ့ထက်ပိုသိမှာပေါ့'

ဖုန်းစုရဲ့က....

'ကျုပ်က မသိပါဘူးလို့ ပြောရင်လဲ ခင်ဗျားယုံမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် သုဝေ အကြောင်း ပြောပြပါလားဗျာ'

လုယိ နှာခေါင်းရှုံ့လိုက်သည်။

'မင်းက သူ့အကြောင်းကို သိပ်ပြီး သိချင်တယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ကောင်းပြီ၊ မင်းသိချင်ရင် ပြောပြရတာပေါ့၊ ငါပြောတာ မှားရင် ထောက်ပြပြီး ပြင်ပေးပေါ့'

ဖုန်းစုရဲ့ သက်ပြင်းချလိုက်လေသည်။

လုယိက....

'သုဝေဟာ မင်းနဲ့ရွယ်တူပဲ၊ ရက်စက်ကြမ်းကြုတ်တယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ သနားညှာတာစိတ် ကင်းမဲ့တယ်၊ သူဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ကြေးစား တစ်ယောက်ပဲ'

ဟု ပြောလိုက်သည်။

ဖုန်းစုရဲက....

'ကြေးစားဆိုတာက....'

လုယိက....

'ကြေးစား လူသတ်သမားပေါ့'

'ဗျာ'

'ငွေပေးရင် ဘယ်သူ့ကိုမဆို အရှက်မထားဘဲ သုတ်သင်ရှင်းလင်းပေးမယ့် လူဟာ ကြေးစားပေါ့'

ဖုန်းစုရဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ကြားရသော စကားများကို နားမသေချင်ပုံအောင် ဖြစ်နေ၏။

လုယိက....

'မင်း နောက်ထပ် ဘာများသိချင်သေးသလဲ'

ဟု မေးလိုက်၏။

ဖုန်းစုရဲက....

'သူဝေဟာ ကြေးစား လူသတ်သမားနော်'

'ဟုတ်တယ်၊ အင်မတန် ကြောက်စရာကောင်းတဲ့လူပေါ့၊ လောကမှာရှိကြတဲ့ ကြေးစားတွေထဲမှာ နံပါတ်တစ် အဆင့်ရှိတဲ့ လူပေါ့'



ဖုန်းစုရဲ ကြက်သီးမွေးညင်း ထသွားလေသည်။

'တော်ပါပြီ....တော်ပါပြီဗျာ'

ဟု ပြောလိုက်လေသည်။

လုယိက....

'မင်းက....'

ဖုန်းစုရဲက....

'ကျုပ်က သူနဲ့သွားတွေ့မယ်၊ ဘာကြောင့်များ သူထွင်ထားတဲ့ သိုင်းပညာရပ်တွေကို ကျုပ်က အလိုလိုတတ်နေရသလဲဆိုတာ မေးကြည့်မယ်'

လုယိက....

'မင်း တကယ်စိတ်ကူးခဲ့တာလား'

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် သူနဲ့သွားတွေ့မယ်ပေါ့'

ဖုန်းစုရဲ ခေါင်းခါယမ်းလိုက်သည်။

'တော်ပါပြီ၊ သွားမတွေ့တော့ပါဘူး'

'ဘာဖြစ်လို့လဲ'

'သူ့ကို ကြောက်လို့ပါ'

'ဟော...'

လုယိ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဖုန်းစုရဲကိုမယုံကြည်နိုင်စွာ ကြည့်လိုက်မိသည်။

ယခုတစ်ကြိမ်...

ဖုန်းစုရဲသည်လိမ်ညာပြောဆိုခြင်း မဟုတ်တဲ့ အတည်ပြောနေခြင်း ဖြစ်သည်ဟု ယုံကြည်လာလေသည်။

ဖုန်းစုရဲသည် ရိုင်းစိုင်း ကြမ်းတမ်းသော လူစားမျိုး မဟုတ်ကြောင်းလည်း ထင်ရှားနေ၏။

နူးညံ့သိမ်မွေ့သော ဖုန်းစုရဲနှင့် ကြမ်းတမ်းသောသူဧတို့ မည်သို့ပတ်သက်နေကြပါသနည်း။

လုယိသည် အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ...

'မင်းကို မေးစရာရှိတယ်'

ဟု ပြောလိုက်သည်။

ဖုန်းစုရဲက...

'မေးပါဗျာ'

လုယိက...

'မင်းက စာပေသမားတစ်ယောက် ဟုတ်လား'



ဖုန်းစုရဲက...

'ဟုတ်ပါတယ်၊ နန်းတွင်းစာပြန်ပွဲမှာ ဝင်ပြိုင်ဖို့စီစဉ်ထားပါတယ်၊ မြောက်ပိုင်းရဲ့ တောတောင်ရေမြေ သဘာဝအလှအပတွေကို ကိုယ်တိုင်လေ့လာပြီး လက်ရာတစ်ပုဒ်ရေးဆွဲဖို့လဲ ရည်ရွယ်ချက် ရှိပါတယ်'

လုယိက...

'သိုင်းပညာရော သင်ဖူးသလား'

ဖုန်းစုရဲက ခေါင်းခါယမ်းလိုက်လေသည်။

'တစ်ခါမှမသင်ဖူးပါဘူးဗျာ'

လုယိက...

'ဒါဖြင့် ဘာကြောင့် သိုင်းပညာကို အသုံးပြုနိုင်ရတာလဲ'

ဖုန်းစုရဲက...

'ကျုပ်မသိဘူးဗျ၊ ဘာကြောင့်လဲဆိုတာ ကျုပ်ကိုယ်တိုင်လဲ သိချင်ပါတယ်၊ အမှန်ကိုဝန်ခံရမယ်ဆိုရင် ကျုပ်ဟာ သတိလစ်ခဲ့သလိုဖြစ်သွားပြီး သိုင်းပညာကိုအသုံးပြုနေမိတယ်ဆိုတာလောက်ပဲ ရေးရေးမှတ်မိပါတယ်'

လုယိ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'ကောင်းပြီ၊ မင်းဘယ်လိုခံစားရတယ်ဆိုတာ ပြောပြစမ်းပါဦး'

ဖုန်းစုရဲက....

'ကျုပ်က အသက်ဘေးနဲ့ ကြုံတွေ့ရတော့ သိပ်ကြောက်သွားတယ် မူးမေ့ပြီးလဲကျသွားမတတ်ဖြစ်ရတယ်၊ ဒီအချိန်မှာပဲ အသိစိတ်က လွတ်ကင်းသွားပြီး မသိစိတ်ကနေ ခွန်အားတွေ ဖြစ်ပေါ်လာတယ်၊ ရန်သူကို ပြင်းပြင်းထန်ထန် တုံ့ပြန်လိုစိတ်တွေ ပေါ်ပေါက်လာတယ်၊ ကျုပ်ရဲ့ခြေတွေ လက်တွေဟာ အလိုလိုလှုပ်ရှားနေသလိုပဲ၊ ကျုပ်ရဲ့စိတ်ဟာ လေထဲလွင့်မျောနေတယ်၊ ကျုပ်ရဲ့ ခန္ဓာကိုယ်ကတော့ ပယောဂဝိညာဉ်တစ်ခုဝင်ပူးပြီး လှုပ်ရှားနေသလိုပဲ'

လုယိ သက်ပြင်းချလိုက်လေသည်။

အလွန်ထူးဆန်းသော အဖြစ်တစ်ခုနှင့် ကြုံတွေ့နေရခြင်းဖြစ်ကြောင်း သဘောပေါက်လာလေသည်။

ထို့အပြင်....

သေစာရှင်စာမျှသာ တတ်သော သဝေကလက်ရာမြောက်လှသော ကဗျာတစ်ပုဒ်ကို ရေးစပ်နိုင်ခဲ့ပြီး ထိုကဗျာကို ဖုန်းစုရဲကလည်း အလွတ်ရနေကြောင်း မှတ်မိလာသည်။

'သူတို့နှစ်ယောက်ကြားမှာ ထူးခြားတဲ့ ဆက်နွယ်မှုတစ်ခုရှိရလိမ့်မယ်'



ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိလေသည်။

ထို့အပြင်....

သဝေနှင့်ဖုန်းစုရဲတို့သည် လူချင်းဆက်နွယ်မှု မဟုတ်ဘဲ စိတ်ချင်း ဆက်နွယ်မှုမျိုး ရှိခြင်းဟုလည်း ဆင်ခြင်မိသည်။

လုယိက ဖုန်းစုရဲအား စိုက်ကြည့်လိုက်ပြီး....

'မင်းရဲ့ လက်ချက်ကြောင့် မိုးကြယ်ဂိုဏ်းက လူတွေရောမြောက်ပိုင်းတန်ဆောင်ဂိုဏ်းကလူတွေရောအထိနာခဲ့ကြတယ်၊ သူတို့က မင်းကိုကျေနပ်ကြမှာ မဟုတ်ဘူး ဒုက္ခပေးဖို့ကြိုးစားလာကြမှာပဲ၊ မင်း ဘယ်လိုဖြေရှင်းမလဲ'

ဟု မေးလာလေသည်။

ဖုန်းစုရဲက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဘာလုပ်ရမှန်း မသိတော့ပါဘူးဗျာ'

ဟု ညည်းတွားလေသည်။

လုယိက....

'မင်း ညည်းတွားနေရုံနဲ့မပြီးဘူး၊ သူတို့လာရင် ဘယ်လိုရင်ဆိုင်မယ်ဆိုတာ ကြိုတင်စဉ်းစားသင့်တယ်'

ဖုန်းစုရဲက....

'ဘယ်လို တတ်နိုင်မလဲဗျာ'

‘ဒါဖြင့် မင်းက လည်စင်းခံမယ်ပေါ့ ဟုတ်လား’

‘ဟုတ်တယ်၊ ဒါပဲရှိတော့တာပေါ့’

လုယိ မကျေမနပ် ဖြစ်သွားလေသည်။

‘မင်းဟာ ယောကျ်ားဖြစ်ပြီး တော်တော် အသုံးမကျတဲ့ကောင်ပဲ’

ဟု ပြောလိုက်လေသည်။

ဖုန်းစုရဲက စိတ်မဆိုးချေ။

လုယိကို ရင်မဆိုင်ရဲသည့်အလား ခေါင်းငုံ့ထားလိုက်၏။

လုယိက

‘ဖုန်းစုရဲ...မင်းအကြံကို ငါမသိဘူးများထင်နေသလား’

‘ဗျာ...’

‘မင်းက သူတို့ကို ရင်မဆိုင်ဘဲ ထွက်ပြေးမယ် မဟုတ်လား’

ဖုန်းစုရဲ သက်ပြင်းချလိုက်သည်။

‘ကျုပ်က ထွက်ပြေးတာမဟုတ်ပါဘူး၊ မြောက်ပိုင်းသို့ အလည်အပတ် လာခဲ့တာဆိုတော့ ကိုယ့်အိမ်ကိုယ် ပြန်ရုံပဲရှိတော့တာပေါ့ မဟုတ်လား’



လုယိ မျက်မှောင်ကြုတ်သွားသည်။

‘လက်စသတ်တော့ မင်းဟာ မြောက်ပိုင်းဒေသကမဟုတ်ဘဲကိုး’

‘မဟုတ်ပါဘူးဗျာ’

‘ဒါဖြင့် ဘယ်ကလဲ’

‘ကျူယွမ်ပြည်နယ်ကပါ’

‘ကောင်းပြီ၊ မင်းပြောတာ မှန်မမှန်သိရအောင် ကျုပ်က မင်းနဲ့အတူ လိုက်ခဲ့မယ်ဆိုရင်ရော’

ထိုစကားကြားလျှင် ဖုန်းစုရဲ ဝမ်းသာသွားလေသည်။

‘ခင်...ခင်ဗျား တကယ်ပြောတာလားဗျ’

‘တကယ်ပေါ့’

‘သိပ်ကောင်းတာပေါ့၊ ကျူယွမ်ကိုရောက်ရင် ဘာမှ မပူပါနဲ့ဗျာ၊ အစစအရာရာ ကျုပ်တာဝန်ယူပါတယ်၊ လိုလေသေးမရှိ ဧည့်ခံပါ့မယ်ဗျာ’

လုယိက ပြုံးလိုက်သည်။

သူ၏အကြံကို ဖုန်းစုရဲကမသိသဖြင့် ကျေနပ်နေ၏။

အမှန်တော့....

ဖုန်းစုရဲတာမက သူကိုယ်တိုင်လည်း မြောက်ပိုင်းဒေသတွင် ဆက်နေ၍ မဖြစ်တော့ပေ။

သိုင်းဂိုဏ်းနှစ်ဂိုဏ်း၏ အန္တရာယ်ကကြီးမားလှသည်မဟုတ်ပါလော။

မြောက်ပိုင်းဒေသမှ အမြန်ဆုံး ထွက်သွားကြရမည် ဖြစ်ပေသည်။

သို့သော်....

မေတ္တာဂေဟာသို့ ပြန်ဖို့မဖြစ်နိုင်ပါ။

တာဝန်ကျေပွန်ခြင်း မရှိသဖြင့် ကို့ထုံချန်းက သဘောကျမည် မဟုတ်သည့်အပြင် အပြစ်ပေးကောင်း ပေးနိုင်၏။

ယခင်ကဆိုလျှင် တာဝန်မကျေသူများအား ကို့ထုံချန်းကိုယ်တိုင် ဆုံးမသုတ်သင်လေရှိ့သည်ကို တွေ့ဖူးမြင်ဖူးထားပြီးဖြစ်လေသည်။

သူ့ကိုလည်း ချမ်းသာပေးချင်မှ ပေးမည်ဟု နားလည်၏။

မေတ္တာဂေဟာသို့ မပြန်နိုင်လျှင် မည်သည့်နေရာသို့ သွားရမည်နည်း။

လုယိကြံရာမရဖြစ်နေရာမှ စုန်းစုရဲ၏နောက်သို့ လိုက်သွားရန် စိတ်ကူးပေါ်လာခြင်း ဖြစ်လေသည်။

လုယိက ဖုန်းစုရဲကို စိုက်ကြည့်လိုက်ပြီး....

'ကောင်းပြီ၊ မင်းပြောတဲ့စကားတွေကို မမေ့နဲ့၊ မင်းနဲ့အတူ ငါလိုက်ခဲ့မယ်'



ဟု ပြောလိုက်လေသည်။

ဖုန်းစုရဲက....

'လိုက်ခဲ့ပါဗျာ၊ ကျုပ်ဟာ တကယ့်စာပေသမား တစ်ယောက်ဆိုတာရယ်၊ သုဝေနဲ့ဘာမှမပတ်သက်ဘူး ဆိုတာရယ် တွေ့ရပါလိမ့်မယ်'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

*　　*　　*

ပြောင်းပြန်

---

ကို့ထုံချန်းက သမားတော်ကြီးအား ကြည့်လိုက်သည်။

သမားတော်ကြီးသည် ဆေးပညာ တစ်ဖက်ကမ်းခတ်[illegible]

တော်သူဖြစ်သည်။

ထို့ကြောင့်....

သင်္ဂဝေ၏ဝေဒနာကို ကုသပေးရန် ကို့ထုံချန်းက ခေါ်[illegible] လိုက်ခြင်း ဖြစ်လေသည်။

'သမားတော်ကြီး....စမ်းသပ်ကြည့်ပြီးပြီလား'

ဟု မေးလိုက်သည်။

သမားတော်ကြီး ခေါင်းညိတ်လိုက်သည်။

'ကြည့်ပြီးပါပြီဗျာ'



'ဘာများ ထူးခြားသလဲ'

'ထူးခြားမှုမရှိသလောက်ပါဘဲ'

'ဟင်....'

ကို့ထုံချန်း မယုံနိုင်အောင် ဖြစ်သွားလေသည်။

သမားတော်ကြီးအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး....

'ဘာမှ မထူးခြားဘူး ဟုတ်လား'

'ဟုတ်တယ်'

'ဘာရောဂါမှမရှိဘူးပေါ့ ဟုတ်လား'

'ဟုတ်တယ်'

'သမားတော်ကြီး....ခင်ဗျား သေချာရဲ့လား၊ သူက ရူးနေတာဗျ'

သမားတော်ကြီးက လက်မခံပါချေ။

'မဖြစ်နိုင်တာဘဲ သူ မရူးပါဘူး'

'ရူးနေပါတယ်ဗျာ၊ ယဉ်ယဉ်လေး ရူးနေတာဗျ'

သမားတော်ကြီး မကျေမနပ်ဖြစ်သွားလေသည်။

'ခင်ဗျားက သမားတော်လား၊ ကျုပ်က သမားတော်လား၊ လူနာအကြောင်းကို ကျုပ်ထက်ပိုပြီး ခင်ဗျားက သိ

နေတယ်ဆိုရင် ခင်ဗျားပဲ ကုသပေးလိုက်ပေါ့၊ ဘာကြောင့် ကျုပ်ကို ခေါ်နေရသေးသလဲ'

စကားဆုံးလျှင် ခြေဆောင့်နင်းကာ ထွက်သွားလေတော့သည်။

ကို့ထုံချွန်း ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေသည်။

သမားတော်ကြီး ထွက်သွားတော့မှ....

'တောက်....'

မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

'ဒါ...သုဝေကြောင့် ဖြစ်ရတာ ဟွန်း'

ချက်ချင်းပင် သုဝေထံသို့ ထွက်လာခဲ့လေသည်။

သုဝေသည် မေ့တ္တာဂေဟာ၌ပင် နေထိုင်လျက် ရှိသည် မဟုတ်ပါလား။

ကို့ထုံချွန်းသည် သုဝေရှိနေသော အခန်းသို့ ချက်ချင်း ရောက်ရှိသွား၏။

'ဒုန်း....ဒုန်း'

အခန်းတံခါးကိုတဒုန်းဒုန်းမြည်အောင် ထုလိုက်သည်။

ထိုအခါ....



'ဘယ်သူလဲ'

အတွင်းဘက်မှ သုဝေ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားရ၏။

ကို့ထုံချွန်းက....

'သုဝေ....ငါပါ၊ တံခါးဖွင့်စမ်း'

'ဩော်....ဆရာကို့ပါလား'

သုဝေက ချက်ချင်း တံခါးဖွင့်ပေးလိုက်လေသည်။

ကို့ထုံချွန်းက....

'မင်း ဘာလုပ်နေတာလဲ'

ပြောရင်း အခန်းတွင်းသို့ လှမ်းဝင်လာလေသည်။

သုဝေက....

'ကဗျာစပ်နေတာပါ'

'ဘာ'

ကို့ထုံချွန်းသည် အခန်းတွင်းသို့ဝေ့ကြည့်လိုက်လေသည်။

ထိုအခါ....

အခန်း၏ ကြမ်းပြင်ပေါ်၌ လည်းကောင်း၊ နံရံပေါ်၌ လည်းကောင်းကဗျာလက်ာများအပြည့်ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကဗျာလင်္ကာများကား အကြောင်းအရာ စုံလင်လှပေသည်။

ကဗျာတိုင်းလိုလို လက်ရာမြောက်စွာ စပ်ဆိုထားခြင်းဖြစ်သည်။

အဓိပ္ပာယ်နက်နဲပြီး ထိရှပြောင်မြောက်သော စကားလုံးများ သုံးစွဲထားလေသည်။

ကို့ထုံချွန်း အံ့သြသွားလေသည်။

'ဒါတွေ မင်း ရေးစပ်ထားတာဟုတ်လား'

သုဝေက....

'ဟုတ်ဘယ် ဆရာကို့'

'သုဝေ မင်း ဘယ်လိုဖြစ်နေတာလဲ'

'ကျုပ်က ဘာဖြစ်နေလို့လဲ ဆရာကို့'

ကို့ထုံချွန်းက....

'မင်းက ဘာကြောင့် ငါ့ကိုလှည့်စားချင်ရတာလဲ'

'ဗျာ'

သုဇေ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဆရာကို့ ကိုစိုက်ကြည့်ရင်း....

'ကျုပ်က လှည့်စားတယ်ဟုယ်လား'



ကို့ထုံချွန်းက....

'သမားတော်ကြီး လာသွားပြီးပြီမဟုတ်လား'

'ဟုတ်တယ်၊ လာသွားပြီးပြီ'

'သူက မင်းမှာ ဘာရောဂါမှမရှိဘူးလို့ ပြောသွားတယ်'

သုဝေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ကျုပ်မှာ ဘာရောဂါမှ မရှိတာ'

ကို့ထုံချွန်းက....

'ဒါကြောင့် မင်း ဘာဖြစ်လို့လှည့်စားနေရတာလဲ လို့ မေးတာပေါ့ကွ'

သုဝေက....

'ကျုပ်က ဘယ်လိုအကြောင်းနဲ့မှ လှည့်စားစရာ မရှိပါဘူးဗျာ'

ကို့ထုံချွန်းက....

'မင်းက ရူးချင်ဟန်ဆောင်နေတာ ငါ့ကိုလှည့်စားချင်လို့ပေါ့ကွ'

သုဝေက ပြုံးလိုက်သည်။

'နေပါဦး....ကျုပ်က ရူးနေပါပြီလို့ ပြောဖူးလို့လား'

'မှင်း....'

'ကျုပ်ကို ရှူးနေပြီလို့ ဆရာကို ဘာသာ စွပ်စွဲခဲ့တာမဟုတ်လား'

'ဒါကတော့ မင်းက ကဗျာတွေဘာတွေရေးနေတာကို'

သုဝေက....

'ကဗျာရေးတဲ့ကိစ္စကတော့ အတော်ကို ထူးခြားပါတယ်၊ ဘယ်လိုဖြစ်ရတယ်ဆိုတာ ကျုပ်လဲ မသိဘူး၊ ကျုပ်ရဲ့ခန္ဓာကိုယ်နဲ့ သူများရဲ့စိတ်လိုဖြစ်နေတယ်၊ ဒါကလဲ တစ်ခါတစ်ခါမှ ဖြစ်လာတတ်တာပါဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ သဘောကျတယ်'

ကို့ထုံချန်းက....

'မင်း သဘောကျထယ်'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦး'

သုဝေက ပြုံးလိုက်သည်။

'ကျုပ်က ကြေးစားဘဝ နဲ့နေခဲ့ရတာကြာပြီ၊ ဘယ်တုန်းကမှ ခုလောက် အေးချမ်းနှစ်သိမ့်တဲ့ခံစားချက်မျိုး မခံစားခဲ့ရဘူး၊ တေးကဗျာတွေရေးစပ်နေရတာဟာ လူသတ်ရတာထက် ပိုပြီး ပျော်စရာကောင်းတယ်ဆိုတာ ကျုပ်ခံစားလိုက်ရတယ်'



ကို့ထုံချန်းက....

'မင်းရှူးနေပြီ'

သုဝေက....

'ဆရာကို့က ဒီစကားကို ပြောပြန်ပြီ'

ကို့ထုံချန်းက....

'ဟုတ်တယ်၊ မင်း ရှူးနေတာအမှန်ပဲ၊ ရှူးနေတဲ့လူကို ဆေးကုလို့မရဘူး၊ မင်းကို ဆက်ပြီး လက်ခံထားတာအပိုပဲဖြစ်မယ်၊ ငါ့ဆီက မင်းထွက်သွားရင် အကောင်းဆုံး ဖြစ်လိမ့်မယ်'

သုဝေက....

'ကျုပ်ထွက်သွားရမယ်'

ကို့ထုံချန်းက....

'ဟုတ်တယ်'

'ဟား....ဟား....ဟား'

သုဝေက ဟားတိုက်ရယ်မောလိုက်လေသည်။

ကို့ထုံချန်းသည် မကျေမနပ်ဖြင့် ကြမ်းပြင်ပေါ် ဒုန်းခနဲ မြည်အောင်ခြေဆောင့်လိုက်ပြီး....

'မင်း ဘာရယ်တာလဲ၊ ငါ့ကို လှောင်တာလား'

ဟု ဝေါက်လိုက်သည်။

သုဝေက....

'မလျှောင်ဝံ့ပါဘူး ဆရာကို ့ ရယ်၊ ကျုပ် ရယ် တာက သဘောကျလို့ပါ၊ ခုတော့ ကျုပ်ဟာ လှောင်ချိုင့်ကလွတ်တဲ့ ငှက်တစ်ကောင်လို လွှတ်လပ်သွားပြီပေါ့၊ ကျုပ် ဝမ်းသာ လို့ပါ'

ကို့ထုံချွန်းက....

'ဘာပဲဖြစ်ဖြစ် မင်း သွားတာအကောင်းဆုံးပဲ'

သုဝေက....

'စိတ်ချပါဗျာ၊ အခုပဲသွားပါ့မယ်'

ဟု ပြောလိုက်လေသည်။

* * *

မေတ္တာဂေဟာ....

မေတ္တာဂေဟာသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ် လေသည်။

သုဝေက မေတ္တာဂေဟာကို ကျော်ခိုင်းကာထွက်လာခဲ့လေ သည်။



ယခုလိုထွက်လာခဲ့ရခြင်းကြောင့် ဝမ်းမနည်းသည့် အပြင် ဝမ်းသာနေသည်။

သူ၏ဘဝသည် လွတ်လပ်သွားပြီဖြစ်ပြီး သွားလိုရာသွား နိုင်တော့မည် မဟုတ်ပါလား။

သုဝေက ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားနေစဉ် မှာပင်....

'သုဝေ....သုဝေ'

နောက်ဘက်မှ ခေါ်သံများထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

သုဝေ ခြေလှမ်းရပ်သွားလေသည်။

နောက်လှည့်ကြည့်လိုက်သောအခါ မိန်းကလေး တစ် ယောက် ပြေးလိုက်လာသည်ကို တွေ့ရလေသည်။

သုဝေက....

'ချိုချို'

ဟု တိုးတိုးရေရွတ်လိုက်လေသည်။

ချိုချိုသည် လှပချောမောသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သို့သော် သူမသည်လည်း သုဝေတို့ကဲ့သို့ ကြေးစားတစ် ယောက်ဖြစ်နေပါ၏။

ချိုချိုသည် အနီးသို့ရောက်လာလျှင်....

'သုဝေ....နင် ထွက်သွားတော့မလို့ဆို'

ဟု မေးလာလေသည်။

သုဝေက....

'ဟုတ်တယ်'

ချိချိက...

'နင် ဘယ်သွားမှာလဲ'

သုဝေက ရယ်မောလိုက်လေသည်။

'ငါက မိုးအဆုံးမြေအနှံ့ လျှောက်သွားမှာပေါ့'

'နင်....'

ချိချိ ငိုမဲ့မဲ့လေး ဖြစ်သွားသည်။

သူမသည် သုဝေအပေါ် တစ်ဖက်သတ် မေတ္တာသက်ဝင်နေသူလေး မဟုတ်ပါလား။

'နင့်ရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား'

ဟု မေးလေသည်။

သုဝေက....

'ဟင့်အင်း'

ချိချိက....

'ကောင်းပြီ၊ နင်မသွားခင် ငါ့ကို အရက်တစ်ခွက်လောက် တိုက်ခွင့်ပေးပါလား'

သုဝေ မျက်မှောင်ကြုတ်သွားပြီးမှ....

'နင့်သဘောပဲ'

ချိချိ ဝမ်းသာသွားသည်။

'လာ....သွားစို့'

သုဝေ၏လက်ကို ဆွဲခေါ်သွားလေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# နန္ဒကျော်သူ

## သွေး၏သတ္တိ

(ဒုတိယပိုင်း ဇာတ်သိမ်း)